# ဆက်သွယ်ရေးနံပါတ်လျာထားသတ်မှတ်ချက်ဆိုင်ရာ နည်းဥပဒေများ

## အခန်း (၁)

## ပဏာမ

၁။ **အမည်**

ဤနည်းဥပဒေများကို "၂၀၁၃ ခုနှစ်၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဆက်သွယ်ရေး နံပါတ်လျာထား သတ်မှတ်ချက်ဆိုင်ရာနည်းဥပဒေများ " ဟုခေါ်တွင်စေရမည်။

၂။ **ရည်ရွယ်ချက်**

(က) ဤနည်းဥပဒေများသည် သာတူညီမျှမှုရှိပြီး ပွင့်လင်းမြင်သာကာ ခွဲခြား မှုမရှိစေရေးအပေါ် အခြေခံ၍ ဆက်သွယ်ရေးနံပါတ်များ ခွဲဝေသတ်မှတ်ပေးရာတွင် လိုင်စင်ရရှိသူများ အတွက် ဆက်သွယ်ရေး နံပါတ်များ အလုံအလောက်ချထားပေးနိုင်ရန် ရည်ရွယ်သည်။ ဤနည်းဥပဒေများသည် သုံးစွဲသူမှရွေးချယ်ခွင့်ရှိစေရန် ၊ နံပါတ်အသစ်များဖန်တီးနိုင်ရန်၊ထိရောက်သော ယှဉ်ပြိုင်မှုကိုမြှင့်တင်ရန် စသည် တို့အတွက်အထောက် အကူ ပြုမည်ဖြစ်သည်။ အထူးသဖြင့် အောက်ပါတို့ကို ရည်ရွယ်သည်-

(၁) ဆက်သွယ်ရေးနံပါတ်များကို အမြဲမပြတ်အလုံအလောက်ပေးနိုင်ရန်၊

(၂) အသုံးပြုရလွယ်ကူသောနံပါတ်လျာထားချက် ဖြစ်စေရန်၊

(၃) ယှဉ်ပြိုင်ဝန်ဆောင်မှုပေးသူများအား ဆက်သွယ်ရေးနံပါတ် အရင်းအမြစ်များကို သာတူ ညီမျှ ရရှိစေရန်၊

(၄) ဆက်သွယ်ရေးနံပါတ်များအပြောင်းအလဲပြုလုပ်ရာတွင် လက်ရှိသုံးစွဲသူများအတွက် အဆင်မပြေမှု များအားအနည်းဆုံးဖြစ်အောင် ဆောင်ရွက်ရန် (အထူးသဖြင့် လက်ရှိ အသုံးပြုနေသော ဆက်သွယ်ရေး နံပါတ်များကို အတတ်နိုင်ဆုံး မပြောင်းလဲဘဲ ဆောင်ရွက်ရန်)

(၅) အပြောင်းအလဲပြုလုပ်သည့် ကုန်ကျစရိတ်များကို ဝန်ဆောင်မှုပေးသူများ နှင့် သုံးစွဲသူများ နှစ်ဘက်စလုံးအတွက် အနည်းဆုံးဖြစ်စေရန်၊

(၆) ဆက်သွယ်ရေးနံပါတ်လျာထားသတ်မှတ်ချက်ဆိုင်ရာ ပြောင်းလဲမှုများသည် လက်ရှိ ဝန်ဆောင်ခ နှုန်းထားပုံစံကို လွန်ကဲစွာ ထိခိုက်မှုမရှိစေရန်

(ခ) ဤနည်းဥပဒေများသည် အနာဂတ်တွင် နိုင်ငံတော်၏ ဆက်သွယ်ရေး နံပါတ်လျာထား သတ်မှတ်ချက် တိုးတက်ရေး ကို အဟန့်အတားမဖြစ်စေဘဲ ပြုပြင်ပြောင်းလဲလွယ်မှုရှိစေရန် နှင့် ထပ်တိုးပေးမည့် ဆက်သွယ်ရေး နံပါတ်ပမာဏကို ဖန်တီးနိုင် အတွက် ရေးဆွဲ ထားခြင်း ဖြစ်သည်။

၃။ နယ်ပယ်

ဤနည်းဥပဒေများသည် အိုင်တီယူ-တီအကြံပြုစာတမ်း E-164 တွင်သတ်မှတ်ထားသည့်အတိုင်း ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အတွင်း ဆက်သွယ်ရေးနံပါတ် လျာထားသတ်မှတ်ချက်များကို အသုံးပြု ခြင်း၊ စီမံခန့်ခွဲခြင်းများနှင့် သက်ဆိုင်ပြီး လိုင်စင်ရရှိသူ အား ဆက်သွယ်ရေးနံပါတ်ခွဲဝေချထားခြင်း ဆိုင်ရာ လုပ်ငန်းစဉ် များလည်းပါဝင်သည်။ ဤနည်းဥပဒေများတွင် ဆက်သွယ်ရေးနံပါတ် အသုံးပြုသူများ၏ အခွင့်အရေးနှင့် တာဝန်များ လည်း ပါဝင်သည်။

၄။ **သက်ဆိုင်ခြင်း**

ဤနည်းဥပဒေများသည် လိုင်စင်ရရှိထားသူများ၊ နံပါတ်လျှောက်ထားသူများ၊ နံပါတ်သုံးစွဲသူများ နှင့် သက်ဆိုင်သည်။

၅။ **အဓိပ္ပါယ်ဖွင့်ဆိုချက်**

(က) "ဆက်သွယ်ရေးနံပါတ်ဆိုင်ရာ နှစ်စဉ်အစီရင်ခံစာ" ဆိုသည်မှာ ဦးစီးဌာနမှ ရေးသား ပြုစု သည့် ဆက်သွယ်ရေးနံပါတ်လျာထားသတ်မှတ်ချက် ကို တည်ဆောက်ပုံ နှင့် အသုံးပြုပုံ ဆိုင်ရာ နှစ်စဉ် အစီရင်ခံစာကို ဆိုသည်။

(ခ) “ဆက်သွယ်ရေးနံပါတ်ဆိုင်ရာနှစ်စဉ်ပြန်လည်တင်ပြချက်” ဆိုသည်မှာ ဆက်သွယ်ရေးနံပါတ်များ သုံးစွဲခွင့်ရရှိထားသူတစ်ဦးချင်း အနေဖြင့် ဦးစီးဌာန သို့တင်ပြရန် ရေးသားပြုစုထားသော ဆက်သွယ်ရေးနံပါတ်အသုံးပြုပုံ၊ သုံးစွဲသူအား ခွဲဝေပေးထားသည့် ဆက်သွယ်ရေးနံပါတ်များနှင့် ခွဲဝေပေးထားသည့် နံပါတ်များ အတွင်း ဆက်သွယ်ရေး နံပါတ်ခန့်မှန်း လိုအပ်ချက်တို့ပါဝင်သည့် နှစ်စဉ် ပြန်လည် တင်ပြချက် ကိုဆိုသည်။

(ဂ) “ဧရိယာသင်္ကေတ” / “နယ်မြေသင်္ကေတ” ဆိုသည်မှာ ကြိုးဖုန်း (PSTN) နံပါတ် လျာထား သတ်မှတ်ချက်အတွင်း အကျုံးဝင်သော ပထဝီဝင်ဒေသ တစ်ခုအတွက် သတ်မှတ်ပေး ထားသည့် ဆက်သွယ်ရေးနံပါတ်သင်္ကေတကို ဆိုသည်။

(ဃ) “ရက်များ” ဆိုသည်မှာ ပြက္ခဒိန်ရက်များကို ဆိုသည်။

(င) “ဦးစီးဌာန” ဆိုသည်မှာ ပြည်ထောင်စု အစိုးရ ဆက်သွယ်ရေးနှင့် သတင်း အချက်အလက် နည်းပညာ ဝန်ကြီးဌာန လက်အောက်ရှိ ဆက်သွယ်ရေး ညွှန်ကြားမှုဦးစီးဌာန ကို ဆိုသည်။

(စ) “E.164” ဆိုသည်မှာ နိုင်ငံတကာဆက်သွယ်ရေးနံပါတ်လျာထား သတ်မှတ်ချက် နှင့်စပ်လျဉ်းသည့် အိုင်တီယူ- တီ၏ထောက်ခံချက် ကို ဆိုသည်။

(ဆ) “ပထဝီဝင်ဒေသအလိုက် ဆက်သွယ်ရေးနံပါတ်” ဆိုသည်မှာ ကြိုးဖုန်းဆက်သွယ်ရေး ဝန်ဆောင်မှုအတွက် အသုံးပြုသည့် ဆက်သွယ်ရေးနံပါတ်လျာထား သတ်မှတ်ချက် ပါ ဆက်သွယ်ရေး နံပါတ်အမျိုးအစား တစ်ခုကို ဆိုသည်။

(ဇ) “အိုင်တီယူ–တီ” ဆိုသည်မှာ အပြည်ပြည်ဆိုင်ရာဆက်သွယ်ရေးအဖွဲ့(အိုင်တီယူ) ၏ ဆက်သွယ်ရေးဆိုင်ရာ စံချိန်စံညွှန်း သတ်မှတ်သည့်အဖွဲ့ကို ဆိုသည်။

(ဈ) “လိုင်စင်ရရှိသူ”ဆိုသည်မှာ လိုင်စင်ထုတ်ပေးရေးဆိုင်ရာ နည်းဥပဒေအရ လိုင်စင် ရရှိထားသူဖြစ်ပြီး ဆက်သွယ်ရေး နံပါတ် လျာထားသတ်မှတ်ချက်ဆိုင်ရာ နည်းဥပဒေများ နှင့် နံပါတ်လျာထား ချက်တို့အရ ဆက်သွယ်ရေး နံပါတ်များ လျှောက်ထားရယူ နိုင်သူကိုဆိုသည်။

(ည) “ဝန်ကြီးဌာန” ဆိုသည်မှာ ပြည်ထောင်စု အစိုးရ ဆက်သွယ်ရေးနှင့် သတင်း အချက်အလက် နည်းပညာ ဝန်ကြီးဌာနကို ဆိုသည်။

(ဋ) “နိုင်ငံလုံးဆိုင်ရာရည်ညွှန်းသင်္ကေတ” (အင်ဒီစီ) ဆိုသည်မှာ အိုင်တီယူ-တီ ၏ E.164 တွင် ပြဋ္ဌာန်းထားသည့်အတိုင်းရေးဆွဲထားသည့် အပြည်ပြည်ဆိုင်ရာ အများပြည်သူသုံး ဆက်သွယ်ရေးနံပါတ် လျာထား သတ်မှတ်ချက် အတွင်း နိုင်ငံ အလိုက် သတ်မှတ်ပေးထားသည့် သင်္ကေတ တစ်ခုကို ဆိုသည်။ ယင်းသင်္ကေတ နှင့် သုံးစွဲသူ ၏နံပါတ်ကိုပေါင်းလျှင် နိုင်ငံလုံးဆိုင်ရာ သီးသန့်နံပါတ် ကိုရရှိမည်။

(ဌ) “နိုင်ငံလုံးဆိုင်ရာသီးသန့်နံပါတ် (National Significant Number)” ဆိုသည်မှာ ပထဝီဝင်ဒေသအလိုက် သတ်မှတ်ထားသည့် နိုင်ငံသင်္ကေတ နောက်တွင်ရှိသည့် ဆက်သွယ်ရေး နံပါတ်အပိုင်းအခြားဖြစ် ပြီး၊ ယင်းတွင် နိုင်ငံလုံးဆိုင်ရာ ရည်ညွှန်း သင်္ကေတ (အင်ဒီစီ) နှင့် သုံးစွဲသူ၏ နံပါတ် တို့ ပါဝင်သည်။

(ဍ) “ဆက်သွယ်ရေးနံပါတ်လျာထားသတ်မှတ်ချက်ဆိုင်ရာကွန်ဗင်းရှင်းများ” ဆိုသည်မှာ ဆက်သွယ်ရေးနံပါတ် လျာထားသတ်မှတ်ချက်ဆိုင်ရာ စီမံခန့်ခွဲမှု ဆိုင်ရာ အသေးစိတ် နည်းဥပဒေ များ၊ လျာထားသတ်မှတ်ချက် အရနံပါတ်ခွဲဝေချထားမှုဆိုင်ရာ နည်းဥပဒေ များ နှင့် ခွဲဝေပေးထားသော နံပါတ်များ အသုံးပြုမှုဆိုင်ရာ စည်းကမ်းချက် များ ကို ဆိုသည်။

(ဎ) “ဆက်သွယ်ရေးနံပါတ်လျာထားသတ်မှတ်ချက် သို့မဟုတ် လျာထားသတ်မှတ်ချက် ” ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်း တယ်လီဖုန်းလုပ် ငန်း ၊ မိုဘိုင်း ဖုန်းလုပ်ငန်း နှင့်အခြားဝန်ဆောင်မှုလုပ်ငန်း များအတွက် ဆက်သွယ်ရေး နံပါတ်ခွဲဝေ အသုံးပြုမှုဆိုင်ရာ သတ်မှတ်ချက် ကို ဆိုသည်။

(ဏ) “ပထဝီဝင်ဒေသအလိုက်မဟုတ်သော ဆက်သွယ်ရေးနံပါတ်” ဆိုသည်မှာ ပထဝီဝင်ဒေသအလိုက်မဟုတ်ဘဲ ဝန်ဆောင်မှုလုပ်ငန်းအမျိုးအစားအရ သတ်မှတ် အသုံးပြု သည့် ဆက်သွယ်ရေးနံပါတ်ကိုဆိုသည်။

(တ) “ဆက်သွယ်ရေးနံပါတ်အတွဲ (Number Block) ” ဆိုသည်မှာ အစီအစဉ် တကျ ရှိနေသော ဆက်သွယ်ရေး နံပါတ် အစဉ်ကို ဆိုသည်။

(ထ) “ဆက်သွယ်ရေးနံပါတ်အရေအတွက်” ဆိုသည်မှာ ချိတ်ဆက်သင်္ကေတ (access code) သို့မဟုတ် ပထဝီဝင်ဒေသအလိုက်သင်္ကေတ တို့ ကဲ့သို့သော ဆက်သွယ်ရေး နံပါတ်သင်္ကေတ တစ်ခု၏ နောက်တွင်ရှိသော နံပါတ် အတွဲကို ဆိုသည်။

(ဒ) “ပီအက်စ်တီအင် (PSTN) ” ဆိုသည်မှာ ကြိုးဖုန်းကွန်ရက်ကို ဆိုသည်။

(ဓ) “အထူးချိတ်ဆက်သင်္ကေတများ (special access code) ” ဆိုသည်မှာ အော်ပရေတာ ဝန်ဆောင်မှု၊ တယ်လီဖုန်းလမ်းညွှန်ဝန်ဆောင်မှု နှင့် အရေးပေါ်ကိစ္စ ကဲ့သို့သော အထူး ဆက်သွယ်ရေးဝန်ဆောင်မှုများ အတွက် အသုံးပြုသည့် ကိန်းဂဏန်း ၃ လုံး သို့မဟုတ် ၄ လုံးသာပါဝင်သော သင်္ကေတ အတိုများကို ဆိုသည်။

(န) “သုံးစွဲသူနံပါတ်” ဆိုသည်မှာ ကွန်ရက်တစ်ခုအတွင်းရှိ သို့မဟုတ် ဆက်သွယ်ရေးနံပါတ်ဧရိယာ (Numbering Area) တစ်ခုအတွင်းရှိ သုံးစွဲ သူအတွက် သီးခြား သတ်မှတ် ပေးထားသော ဆက်သွယ်ရေးနံပါတ်ကို ဆိုသည်။

(ပ) “X” ဆိုသည်မှာ ‘၀’ မှ ‘၉’အထိ အသုံးပြုနိုင်သည့် ဆက်သွယ်ရေးနံပါတ် ကိန်းဂဏန်းကို ဆိုသည်။

## အခန်း(၂)

## ဆက်သွယ်ရေးနံပါတ်လျာထားသတ်မှတ်ချက် ရေးဆွဲပြုစုခြင်း

ဆက်သွယ်ရေးဥပဒေ (၂၀၁၃)၊အခန်း(၇) အရ ဦးစီးဌာနသည် ဝန်ကြီးဌာန၏ သဘော တူညီချက်ဖြင့် ဆက်သွယ်ရေးနံပါတ် လျာထားသတ်မှတ်ချက်ကို ရေးဆွဲစီမံ ဆောင်ရွက်ရန် တာဝန်ရှိသည်။

၆။ ဦးစီးဌာနသည် ဆက်သွယ်ရေးနံပါတ် လျာထားသတ်မှတ်ချက်ရေးဆွဲပြုစုရာတွင် အောက်ပါ အချက်များကို အခြေခံရမည် –

(က) ဆက်သွယ်ရေးနံပါတ်များအား လျင်မြန်ထိရောက်စွာ ခွဲဝေပေးနိုင်ရေးအတွက် ဆက်သွယ်ရေး ဝန်ဆောင်မှုလုပ်ငန်းများ၏ လိုအပ်ချက်မြင့်မားလာနိုင်မှု ကို ထည့်သွင်း တွက် ချက် ရန်၊

(ခ) သုံးစွဲသူများအတွက် တတ်နိုင်သမျှ အဆင်ပြေဆုံးဖြစ်စေရန် နှင့် လိုင်စင်ရရှိသူများ၏ ဆက်သွယ်ရေးကွန်ရက်တွင် ထိရောက်စွာအသုံးပြုနိုင်ရန် အတွက် ဆက်သွယ်ရေး နံပါတ်ဖွဲ့စည်းမှု ပုံသဏ္ဍာန် ကို ရေး ဆွဲရန်၊

(ဂ) ဈေးကွက်အတွင်းရောက်ရှိနှင့် ပြီးသော လိုင်စင်ရရှိသူ (incumbent licensees) မှ ဆက်သွယ်ရေးနံပါတ်လျာထားသတ်မှတ်ချက်အရ ပေးအပ်ရမည့် ကုန်ကျ စရိတ်များ ကို အကျိုးအကြောင်း ညီညွတ်နေသ၍ အနည်းဆုံးဖြစ်စေရန်၊

(ဃ) ဆက်သွယ်ရေးနံပါတ်လျာထားသတ်မှတ်ချက်သည် နိုင်ငံတကာ သဘောတူညီချက် များ၊ စံချိန်စံညွှန်းများ၊ ထောက်ခံချက်များအားလုံးနှင့် အပြည့်အဝ ကိုက်ညီမှုရှိရန်၊

(င) ဆက်သွယ်ရေးနံပါတ်လျာထားသတ်မှတ်ချက် သည် ဝန်ဆောင်မှု နှင့် အခွန် နှုန်းထား များကို သိသာအောင် ဖော်ပြပေးသည့် ဆက်သွယ်ရေးနံပါတ် ပုံစံများ ဖြစ်စေရန်၊

(စ) ဆက်သွယ်ရေးနံပါတ်လျာထားသတ်မှတ်ချက် ပြောင်းလဲခြင်းကြောင့် သုံးစွဲသူများနှင့် လိုင်စင်ရရှိသူများ အတွက် ဖြစ်ပေါ်လာ နိုင်မည့် ကုန်ကျစရိတ်များ (သို့မဟုတ်) အဆင်မပြေမှုများကို မှန်ကန်မျှတ အောင် ဆောင်ရွက်ပေးရန်နှင့် ဆက်သွယ်ရေး နံပါတ်လိုအပ်ချက်ကို အတတ်နိုင်ဆုံး ကိုက်ညီမှု ရှိစေရန်၊ ဆက်သွယ်ရေးနံပါတ်လျာထား သတ်မှတ်ချက်အတိုင်း တိကျစွာစီမံခန့်ခွဲနိုင်ရေး အတွက်ဆောင်ရွက်ရန်၊

(ဆ) ဆက်သွယ်ရေးနံပါတ်များနှင့်သင်္ကေတများသည် အကန့်အသတ်ရှိသော နိုင်ငံပိုင် အရင်းအမြစ် များ ဖြစ်သဖြင့် ဆက်သွယ်ရေးနံပါတ် လျာထားသတ်မှတ်ချက်ကို နိုင်ငံတော်၏အကျိုးစီးပွားအတွက် ရည်ရွယ်၍ စီမံဆောင်ရွက်ရန်၊

၇။ ဆက်သွယ်ရေးနံပါတ်လျာထားသတ်မှတ်ချက်အား ပြင်ဆင်ခြင်း

(က) ဦးစီးဌာနသည် ၄င်းမှ ကနဦး စတင်၍ဖြစ်စေ၊ လိုင်စင်ရရှိသူ သို့မဟုတ် သုံးစွဲသူ သို့မဟုတ် အခြားစိတ်ပါ ဝင်စား သူများမှ(other interested party)တို့မှ စာဖြင့်တင်ပြ တောင်းဆိုလာလျှင် ဖြစ်စေ ဆက်သွယ်ရေး နံပါတ်လျာထား သတ်မှတ်ချက် ကို အခါအားလျော်စွာ စိစစ်သုံးသပ်နိုင်သည်။

(ခ) ဦးစီးဌာနသည် ထုတ်ပြန်ပြီးသော ဆက်သွယ်ရေးနံပါတ်လျာထားသတ်မှတ် ချက်၏ တစ်စိတ်တစ်ပိုင်းကို ဖြစ်စေ၊ အားလုံးကိုဖြစ်စေ အခါအားလျော်စွာ ပြင်ဆင်ခြင်း သို့မဟုတ် ရုပ်သိမ်းခြင်း သို့မဟုတ် ထပ်မံဖြည့်စွက်ခြင်းများကို ပြုလုပ် နိုင်သည်။ ထိုသို့ပြုလုပ်ရာတွင် သက်ဆိုင်ရာလိုင်စင်ရရှိသူများ၊ သုံးစွဲသူများ၊ အကျိုးစီးပွား ဆက်နွယ်သူများ(stakeholders) များထံမှ အကြံပြုချက်တောင်းခံခြင်း (consultation) ကို ရက်ပေါင်း (၉၀) အတွင်း ပြုလုပ်နိုင် သည်။ သို့သော်ချွင်းချက် ထားရမည့်ကိစ္စများတွင် အကြံပြုချက်တောင်းခံမှုကာလသည် ရက် (၃၀) ထက် မနည်းရန် လိုအပ်သည်။

(ဂ) လိုင်စင်ရရှိသူများသည် ပြင်ဆင်ချက် သို့မဟုတ် ရုပ်သိမ်းချက်ဆိုင်ရာ ကြိုတင် အသိပေး ချက်ကို ရက်ပေါင်း (၉၀) မတိုင်မီ လက်ခံရရှိရမည်ဖြစ်ပြီး ထိုသို့ လက်ခံရရှိခြင်း မရှိခဲ့လျှင် ပြင်ဆင်ချက် သို့မဟုတ် ရုပ်သိမ်းချက်ကို လိုက်နာရန် မလိုအပ်စေရ။

၈။ **ဆက်သွယ်ရေးနံပါတ်များ ခွဲဝေချထားခြင်းနှင့် အရန်ထားရှိခြင်း**

ဦးစီးဌာနသည်-

(က) ဆက်သွယ်ရေးနံပါတ်များနှင့် နံပါတ်စဉ်အပိုင်းအခြားများ (number ranges) ကို လိုင်စင်ရရှိ ထားသူများ နှင့် အခြားသူများအား ဆက်သွယ်ရေးနံပါတ်လျာထား သတ်မှတ်ချက် နှင့် အညီ လိုအပ်သည့်အတိုင်း ခွဲဝေ ပေးရမည်။

(ခ) ဆက်သွယ်ရေးနံပါတ်များကို ခွဲဝေချထားပေးခြင်း သို့မဟုတ် အရန် ထားရှိခြင်း တို့ကို သာတူညီမျှပုံစံဖြင့် ဆောင်ရွက်ရမည်။ ထိုသို့ဆောင်ရွက်ရာတွင် ဆက်သွယ်ရေးနံပါတ်အတွဲ သို့မဟုတ် ဆက်သွယ်ရေး သင်္ကေတအား ဦးရာလူ စနစ်ဖြင့် ချထားပေးရမည်။

(ဂ) စံချိန်စံညွှန်းများတွင် ဖော်ပြထားသည့်အချက်များနှင့်ကိုက်ညီမှုရှိသော လိုင်စင် ရရှိသူများ အတွက်သာလျှင် ဆက်သွယ်ရေးနံပါတ်များ ကိုခွဲဝေချထားခြင်း သို့မဟုတ် အရန်ထားရှိခြင်းပြုရမည်။

(ဃ) ဆန်းသစ်တီထွင်လာမည့် ဆက်သွယ်ရေး ဝန်ဆောင်မှုလုပ်ငန်းများ နှင့် တိုးတက်လာ မည့် ဝန်ဆောင်မှု လုပ်ငန်းများအတွက် လိုအပ်ချက်များကို ထည့်သွင်းစဉ်းစားရမည့် အပြင်၊ ဆက်သွယ်ရေးနံပါတ် ခွဲဝေချထားရာတွင်လည်း ဆက်သွယ်ရေးနံပါတ်အပိုင်း အခြားအတွင်း ရှိ ဆက်သွယ်ရေး နံပါတ် ပမာဏကို ထိန်းထားရန် ထည့်သွင်း စဉ်းစားရမည်။

(င) လိုင်စင်ရရှိသူ မှ ဆက်သွယ်ရေးနံပါတ်ခွဲဝေချထားပေးရန် အသစ်ထပ်မံ တောင်းဆို လာသည့်အခါ ယင်းအား ယခင်ကခွဲဝေချထားပေးသည့် ဆက်သွယ်ရေး နံပါတ် အသုံးပြုမှုကိုပါ ထည့်သွင်း စဉ်းစားရမည်။

(စ) ဆက်သွယ်ရေးနံပါတ်ခွဲဝေချထားခြင်းဆိုင်ရာ အခြားသောလုပ်ငန်းစဉ်များ နှင့် လျှောက်ထားခြင်းဆိုင်ရာ လုပ်ငန်းစဉ်များကို ဆက်သွယ်ရေး နံပါတ်လျာထား သတ်မှတ် ချက် ဆိုင်ရာ ကွန်ဗင်းရှင်းများ တွင် ဖော်ပြထားရမည်။

(ဆ) ဆက်သွယ်ရေးနံပါတ်လျာထားသတ်မှတ်ချက် တည်ဆောက်ပုံ၊ အသုံးပြုပုံ တို့ နှင့် စပ်လျဉ်း သည့် ဆက်သွယ်ရေးနံပါတ်ဆိုင်ရာ နှစ်စဉ်အစီရင်ခံစာ (Annual Numbering Report) ကို ပြုစုထားရမည်။

၉။ **လိုင်စင်ရရှိသူ၏ တာဝန်ဝတ္တရားများ**

(က) လိုင်စင်ရရှိသူသည် ၄င်းအားခွဲဝေပေးထားသည့် ဆက်သွယ်ရေးနံပါတ်များ သို့မဟုတ် ဆက်သွယ်ရေး သင်္ကေတများအတွက် ဆက်သွယ်ရေးနံပါတ် လျာထားသတ်မှတ်ချက် အား ထုတ်ပြန်ရမည်။ အဆိုပါ

လျာထားသတ်မှတ်ချက်သည် ဦးစီးဌာနမှ ရေးဆွဲထားသည့် ဆက်သွယ်ရေးနံပါတ် လျာထားသတ်မှတ်ချက်နှင့် ကိုက်ညီ ရမည်။

(ခ) လိုင်စင်ရရှိထားသူများသည် ဆက်သွယ်ရေးနံပါတ်များ ခွဲဝေပေးစဉ်က တင်ပြခဲ့ သည့်ရည်ရွယ်ချက်အတိုင်းသာ ဆက်သွယ်ရေးနံပါတ်များကိုအသုံးပြုရမည်ဖြစ်ပြီး၊ နံပါတ်ခွဲဝေချထားခြင်း ဆိုင်ရာ စည်းကမ်းချက်များကိုလည်း လိုက်နာရမည်။ ထိုသို့ လိုက်နာခြင်းမရှိပါက လိုင်စင်ပါ စည်းကမ်းချက်များကို ချိုးဖောက်သူအဖြစ် မှတ်ယူမည်။

(ဂ) လိုင်စင်ရရှိသူထားများသည် ဆက်သွယ်ရေးနံပါတ်များကို စနစ်တကျ(efficient) အသုံးပြုရ မည်။

(ဃ) လိုင်စင်ရရှိသူများသည် ဆက်သွယ်ရေးနံပါတ်များအား အမှတ်တံဆိပ် သဖွယ် အသုံးပြု၍သော်လည်းကောင်း၊ လိုင်စင်ရရှိသူနှင့် ဆက်သွယ်ရေးနံပါတ် စဉ်အပိုင်း အခြား အား တွဲဖက်၍သော်လည်းကောင်း ကြော်ငြာခြင်း ၊ အများသိစေရန် နည်းလမ်းတစ်မျိုးမျိုးဖြင့် မပြုလုပ်ရ။

(င) ခွဲဝေချထားပေးသည့် ဆက်သွယ်ရေးနံပါတ်ကို လိုင်စင်ရရှိသူများကဖြစ်စေ၊ သုံးစွဲသူ များကဖြစ်စေ ပိုင်ဆိုင်ခွင့် မရှိစေရ။

(စ) လိုင်စင်ရရှိထားသူတစ်ဦးသည် ခိုင်လုံသော အကြောင်းပြချက်ရှိမှသာလျှင် သုံးစွဲသူ တစ်ဦး၏ ဆက်သွယ်ရေးနံပါတ်ကို ပြောင်းလဲခွင့်ရှိမည်ဖြစ်ပြီး အဆိုပါသုံးစွဲသူထံ ပြောင်းလဲရခြင်း၏ အကြောင်းအရင်းနှင့် ပြောင်းလဲရန် သတ်မှတ်ထားသည့် နေ့ရက် ကို စာဖြင့် ကြိုတင်အသိပေးပြီးမှသာလျှင် ပြောင်းလဲရမည်။ အရေးပေါ်ကိစ္စရပ် များတွင် နှုတ်ဖြင့်ကြိုတင်အသိပေးပြီးနောက် စာဖြင့်အတည်ပြုရမည်။

(ဆ) လိုင်စင်ရရှိသူတိုင်းသည် ခွဲဝေရရှိထားသည့်နံပါတ်များအား အသုံးပြုမှုနှင့် ပတ်သက် ၍ ဦးစီးဌာနက တောင်းဆိုသည့် အချက်အလက်များကို ဖြည့်ဆည်းပေးရမည်။

(ဇ) လိုင်စင်ရရှိသူသည်ဆက်သွယ်ရေးနံပါတ်ခွဲဝေမှုနှင့်ဆက်သွယ်ရေးနံပါတ်များ အသုံးပြုမှု နှင့်ပတ်သက်သည့် အချက်အလက်များပါဝင်သော ဆက်သွယ်ရေး နံပါတ် ဆိုင်ရာ နှစ်စဉ် ပြန်လည်တင်ပြချက် ကို တင်ပြရမည်။

၁၀။ (number portability)ဆက်သွယ်ရေးနံပါတ်များအလွယ်တကူပြောင်းရွှေ့နိုင်မှု

–

၁၁။ (carrier selection code)ကယ်ရီယာရွေးချယ်ရေးသင်္ကေတများ

–

၁၂။ ဆက်သွယ်ရေးနံပါတ်အသုံးပြုခြင်းအတွက်အခကြေးငွေ

ဦးစီးဌာနသည် လိုင်စင်ရရှိသူထံမှ ဆက်သွယ်ရေးနံပါတ်သုံးစွဲမှုအတွက် အခကြေးငွေကို လိုအပ်ပါက တောင်းခံရမည်။

## အခန်း(၃)

## ဆက်သွယ်ရေးနံပါတ်လျာထားသတ်မှတ်ချက်ဆိုင်ရာ ကွန်ဗင်းရှင်းများ

ဆက်သွယ်ရေးနံပါတ်လျာထားသတ်မှတ်ချက်ဆိုင်ရာ ကွန်ဗင်းရှင်းများသည် ကာလရှည် အတွက် ပြဋ္ဌာန်းထားသော မူဘောင် တစ်ခုဖြစ်ပြီး၊ ယင်းမူဘောင်အတွင်း လိုင်စင်ရရှိသူများနှင့် သုံးစွဲသူများ၏ အကျိုးကို ရည်ရွယ်၍ တယ်လီဖုန်းနံပါတ်အစီအစဉ်အားရေးဆွဲ နိုင်ရန်ဖြစ်သည်။ အဆိုပါ ကွန်ဗင်းရှင်းများတွင် ဆက်သွယ်ရေးနံပါတ်လျာထားသတ်မှတ်ချက်ဆိုင်ရာ အသေးစိတ် နည်းဥပဒေ များ၊ဆက်သွယ်ရေး နံပါတ် ခွဲဝေချထားခြင်းဆိုင်ရာ အစီအစဉ်များ၊ ဆက်သွယ်ရေး နံပါတ်များသုံးစွဲမှုဆိုင်ရာစည်းကမ်းချက်များပါဝင်သည်။

၁၃။ **အထွေထွေမူများ**

အဆိုပါကွန်ဗင်းရှင်းများသည် အောက်ပါတို့ကို အခြေခံသည်-

(က) နိုင်ငံတော်၏ဆက်သွယ်ရေးနံပါတ်အရင်းအမြစ်များ ကို လိုင်စင်ရရှိသူများ နှင့် သုံးစွဲသူများ က ပွင့်လင်းမြင်သာပြီးခွဲခြားမှုမရှိဘဲအသုံးပြုနိုင်ရန်

(ခ) အများပြည်သူနှင့်ဆိုင်သော ဆက်သွယ်ရေးကွန်ရက်လုပ်ငန်းဆောင်ရွက်သူ နှင့် ဝန်ဆောင်မှု လုပ်ငန်းဆောင်ရွက်သူ တို့ သည် ဈေးကွက်တွင် အခွင့်အလမ်းတူမျှစွာ ယှဉ်ပြိုင်နိုင်ရန်အတွက် စည်းမျဉ်းများကို ချမှတ်နိုင်ရန်

(ဂ) မြန်မာနိုင်ငံ၏ ဆက်သွယ်ရေးလုပ်ငန်းအခြေအနေကို ထည့်သွင်းစဉ်းစားရန်၊ ပြုပြင်ပြောင်း လဲလွယ်မှု ရှိစေရန် နှင့် လိုအပ်ချက်များ ရှိလာပါက ဖြည့်ဆည်းပေးနိုင်ရန်

(ဃ) ဖြစ်နိုင်မှုရှိပြီးကျိုးကြောင်းဆီလျော်သည့် အခြေအနေတိုင်းတွင် ဈေးကွက်ဆိုင်ရာ လုပ်ထုံး လုပ်နည်းများ ဖြင့် ဖြေရှင်းခွင့်ရှိစေရန်

(င) အနာဂတ်အတွက် ကြိုတင်မျှော်မှန်းဆောင်ရွက်ရန်

(စ) သုံးစွဲသူနံပါတ်များပြောင်းလဲမှုများကို အတတ်နိုင်ဆုံးနည်းပါး စေရန်

## ၁၄။ ဆက်သွယ်ရေးနံပါတ်လျာထားသတ်မှတ်ရေး အသေးစိတ်အချက်အလက်များ

(က) လိုင်စင်ရရှိသူမှ ထုတ်ပြန်ထားသည့် ဆက်သွယ်ရေးနံပါတ် လျာထားသတ်မှတ်ချက် များသည် နိုင်ငံတကာ စံချိန် စံညွှန်းများနှင့် ကိုက်ညီမှုရှိရမည်။အထူးသဖြင့် အိုင်တီယူ- တီ ၏အောက်ပါအကြံပြုစာတမ်းများနှင့် ကိုက်ညီ မှု ရှိရမည်-

"E.123"- ပြည်တွင်းပြည်ပတယ်လီဖုန်းနံပါတ်များအတွက် စံသတ်မှတ်ချက် (Standard Notation)

"E.161"- တယ်လီဖုန်းကွန်ရက်အား ချိတ်ဆက်သုံးစွဲနိုင်သည့် တယ်လီဖုန်းနှင့် အခြားပစ္စည်းကိရိယာ များအတွက်သတ်မှတ်ထားသည့် ကိန်းဂဏန်းများ၊ စာသား များ နှင့် သင်္ကေတများ၏ အစီအစဉ်"E.164"- နိုင်ငံတကာဆက်သွယ်ရေးနံပါတ်လျာထား သတ်မှတ်ချက် "E.166"- "E.164" နှင့် "X.121" တို့ အပြန်အလှန်လုပ်ငန်းဆောင်ရွက်ရန်အတွက် ဆက်သွယ်ရေးနံပါတ်လျာထားသတ်မှတ်ချက်"X.121" အများသုံးအချက်အလက်ကွန်ရက်များဆိုင်ရာ နိုင်ငံတကာ ဆက်သွယ်ရေးနံပါတ် လျာထား သတ်မှတ်ချက်

(ခ) ဆက်သွယ်ရေးနံပါတ် များသည် အိုင်တီယူ-တီ ထောက်ခံချက် E.164 အညီ ဖြစ်ရမည်။ နိုင်ငံတကာသို့ အထွက်ခေါ်ဆိုမှု သတ်မှတ်သင်္ကေတ (international prefix) မပါဝင်ဘဲ အများဆုံးထားရှိနိုင်သော ကိန်းလုံး အရေအတွက်မှာ ၁၅ လုံး ဖြစ်ရမည်။

(ဂ) ခေါ်ဆိုမှုသတ်မှတ်သင်္ကေတ (prefix) များသည် အောက်ပါ အချက်များနှင့် ကိုက်ညီ ရမည်–

(၁) မြို့တွင်းခေါ်ဆိုမှုများနှင့် ချိတ်ဆက်သင်္ကေတတိုများမှလွဲ၍ နိုင်ငံအတွင်း တယ်လီဖုန်းခေါ်ဆိုမှုအားလုံးအတွက် နယ်ဝေးခေါ်ဆိုမှု သတ်မှတ်သင်္ကေတ '0'(0 prefix) ကို အသုံးပြုရမည်။ နိုင်ငံတွင်း ခေါ်ဆိုမှုများအတွက် ယင်းသင်္ကေတ ၏နောက်တွင် 'နိုင်ငံလုံးဆိုင်ရာ သီးသန့် နံပါတ်' ရှိရမည်။

(၂) လိုင်စင်ရရှိသူသည် မြို့တွင်းခေါ်ဆိုမှု ပုံစံ နှင့် ကွဲပြားစေရန် ၎င်းတို့၏ စနစ် များကို နိုင်ငံ တွင်း ခေါ်ဆိုမှုနံပါတ်ပုံစံ နှင့် အညီ ပြုလုပ်ရမည်။

(ဃ) နိုင်ငံတကာသို့ခေါ်ဆိုမှုအတွက် နိုင်ငံတကာခေါ်ဆိုမှုသတ်မှတ်သင်္ကတ '00' (00 prefix) ကို အသုံးပြုရမည်။ ယင်းသင်္ကေတ ၏ နောက်တွင် 'နိုင်ငံ၏ ဆက်သွယ်ရေး သင်္ကေတ နှင့်နိုင်ငံလုံးဆိုင်ရာ သီးသန့် နံပါတ်'တို့ရှိရမည်။

(င) ပထဝီဝင်ဒေသဆိုင်ရာနံပါတ်များကို သင့်လျော်သော ပထဝီဒေသ ဆိုင်ရာ သင်္ကေတ အပိုင်းအခြား အတွင်း အစဉ်လိုက် ရှိနေသော နံပါတ်အရေအတွက် ၁၀,၀၀၀ ပါဝင်သော နံပါတ်အတွဲ ကို လျှောက်ထားသူ များသို့ ခွဲဝေပေးရမည်။ ခြွင်းချက်အနေဖြင့် ဆက်သွယ်ရေးနံပါတ် ပြတ်လပ်မည့် အလားအလာ ရှိလျှင် သော်လည်းကောင်း၊ ဦးစီးဌာနမှ ဆုံးဖြတ်သည့် အခြား အကြောင်းရင်းများ ကြောင့် သော် လည်းကောင်း၊ နံပါတ်အရေအတွက် ၁၀,၀၀၀ ထက်နည်း သော ဆက်သွယ်ရေး နံပါတ်အတွဲ၏ အစိတ်အပိုင်း ကို ခွဲဝေပေးနိုင်သည်။

(စ) ကြိုးဖုန်း (PSTN) နံပါတ် အားလုံး၏ ထိပ်စည်းဂဏန်းမှာ ၁ မှ ၈ ထိသာဖြစ်ရမည်။

(ဆ) မိုဘိုင်းဖုန်းနံပါတ် အားလုံး၏ ထိပ်စည်း ဂဏန်းမှာ ၉ ဖြစ်ရမည်။

(ဇ) အထူးချိတ်ဆက် သင်္ကေတ များအား အောက်ပါအတိုင်းသတ်မှတ်ရမည်–

(၁) ဦးစီးဌာနသည် ချိတ်ဆက် သင်္ကေတ များအား ဝန်ဆောင်မှုလုပ်ငန်းပုံစံကိုလိုက်၍ အမျိုးအစား (၃)မျိုးခွဲခြားသတ်မှတ်ရမည်–

(က) ဦးစီးဌာနသည် အရေးပေါ်ကိစ္စရပ်များအတွက် ခေါ်ဆိုသည့် ၁၉X ကဲ့သို့ အများနှင့် ဆိုင်သော ဆက်သွယ်ရေး ဝန်ဆောင်မှုလုပ်ငန်းများအတွက် အမျိုးအစား (က) ချိတ်ဆက်သင်္ကေတများ ကို သီးခြားသတ်မှတ်ပေးရမည် ဖြစ်ပြီး ထိုသင်္ကေတများသည် လိုင်စင်ရရှိသူ တစ်ဦးတစ်ယောက်အတွက် သတ်မှတ်ခြင်းမဖြစ်စေရ။

(ခ) ဦးစီးဌာနသည် တယ်လီဖုန်း ဆိုင်ရာတိုင်ကြားမှု သို့မဟုတ် time reporting ကဲ့သို့သော အများနှင့် ဆိုင်သော ဆက်သွယ်ရေး ဝန်ဆောင်မှု လုပ်ငန်းများအတွက် အမျိုးအစား (ခ) ချိတ်ဆက်သင်္ကေတများ ကို သတ်မှတ်ပေးရမည်။ ဖော်ပြပါဝန်ဆောင်မှုများကို လိုင်စင်ရရှိသူများ မှ ဖြည့်ဆည်းပေးရန် မလိုအပ်သော်လည်း ထိုသင်္ကေတများသည် လိုင်စင်ရရှိသူ တစ်ဦး တစ်ယောက် အတွက် သတ်မှတ်ခြင်းမဖြစ်စေရ။သုံးစွဲသူများကအသုံးပြုသည့် သင်္ကေတများ ဖြစ်သည်။လိုင်စင်ရရှိသူများယင်းဝန်ဆောင်မှုလုပ်ငန်းများကိုဆောင်ရွက်ပေးရန်မလိုသော်လည်း၊ ဦးစီးဌာနက သတ် မှတ်ထားသည့်သင်္ကေတများကိုအသုံးပြုရမည်။

(ဂ) အမျိုးအစား(ဂ) ချိတ်ဆက်သင်္ကေတများသည် ကွန်ရက် သီးသန့် ဖြစ်ပြီး ခွင့်ပြုချက်ရရှိထားသည့်မည်သည့်ဝန်ဆောင်မှု လုပ်ငန်း အတွက်မဆို အသုံးပြုနိုင်သည်။ ထိုသင်္ကေတများကို ဦးစီးဌာနမှ ခွဲဝေပေးမည်ဖြစ်ပြီး၊ လိုင်စင် ရရှိ သူတစ်ဦးအတွက် သီးသန့်ပြုလုပ်ပေးသော် လည်း သုံးစွဲသူများ ရှုပ်ထွေး မှုမရှိစေရန်အတွက် လိုင်စင်ရရှိသူများသည် ဖြစ်နိုင်ပါက အလားတူ သင်္ကေတ များကိုသာ အသုံးပြုရမည်။

(၂) သင့်လျော်သောနံပါတ်ပမာဏချထားပေးနိုင်ရန်အတွက် ချိတ်ဆက်သင်္ကေတ ခွဲဝေမှုသည် ယေဘူယျအားဖြင့် ဂဏန်း ၄ လုံး (1xxx) သို့မဟုတ် ၅ လုံး(1xxxx) အပေါ် အခြေခံ၍ဆောင်ရွက်ရမည်။

**၁၅။ ဆက်သွယ်ရေးနံပါတ်များ ခွဲဝေချထားရန်နှင့် အရန်ထားရှိရန်အတွက် လျှောက်ထားခြင်း**

(က) လျှောက်ထားရန်အရည်အချင်းသတ်မှတ်ချက်- ဆက်သွယ်ရေးဝန်ဆောင်မှု လုပ်ငန်းများနှင့်/ သို့မဟုတ် လိုင်စင်ရရှိထားသော ဆက်သွယ်ရေးကွန်ရက်လုပ်ငန်း ဆောင်ရွက်နေသည့် လိုင်စင်ရရှိထားသူ အားလုံး သည် ဆက်သွယ်ရေး နံပါတ်ပမာဏများခွဲဝေချထားပေးရန်နှင့် အရန်ထားရှိပေးရန်လျှောက်ထားနိုင်သည်။ နံပါတ်အသုံးပြုရန်လိုအပ်သည့် အခြားသူများအနေဖြင့် အဆိုပါလိုင်စင် ရရှိသူ (eligible licensee) ထံမှ ခွဲဝေရယူရမည်။

(ခ) လျှောက်ထားရာတွင်လိုအပ်သောအချက်အလက်များ-

(၁) လျှောက်ထားသူသည် ဆက်သွယ်ရေးနံပါတ် ခွဲဝေချထားပေးရန် သို့မဟုတ် အရန် ထားရှိပေးရန်အတွက် အောက်ပါအချက်အလက်များကို ဦးစီးဌာနသို့ တင်ပြရမည်- လျှောက်ထားသူ၏ အမည်နှင့် ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ကိုယ်စား လျှောက်ထားခြင်းဖြစ်ပါက လျှောက်ထားသူ၏ လက်မှတ် နှင့် ရက်စွဲပါသော ကိုယ်စားလှယ်လွှဲစာကို ပူးတွဲတင်ပြရမည်။

(၁-၂) ဆက်သွယ်ရေးလုပ်ငန်းလိုင်စင်အရ တောင်းခံသည့်နံပါတ်ပမာဏကို အသုံးပြုမည့် ရည်ရွယ်ချက်နှင့် လုပ်ကိုင်ဆောင်ရွက်မည့် စနစ်တို့၏ အသေးစိတ်အချက် အလက်များ၊

(၁-၃) လျှောက်ထားမှုနှင့်ပတ်သက်၍ အသုံးပြုနေသည့်လက်ရှိ ဆက်သွယ် ရေးနံပါတ်စဉ် အပိုင်းအခြားအသေးစိတ်၊

(၁-၄) ဦးစားပေးရွေးချယ်လိုသည့် ဆက်သွယ်ရေးနံပါတ် သင်္ကေတနှင့် သို့မဟုတ် နံပါတ်အတွဲကို ဖော်ပြရန်နှင့် ဖြစ်နိုင်လျှင် ဒုတိယနှင့် တတိယဦးစားပေးသင်္ကေတနှင့် နံပါတ်အတွဲများကိုပါဖော်ပြနိုင်သည်။

(၁-၅) ဆက်သွယ်ရေးနံပါတ်စဉ် အပိုင်းအခြားအတွင်း ဆောင်ရွက်ရန် ရည်ရွယ်ထားသည့် ဆက်သွယ်ရေးဝန်ဆောင်မှု အမျိုးအစားဆိုင်ရာ အသေးစိတ်အချက် အလက်နှင့် ဖြစ်နိုင်လျှင် ယင်းဝန်ဆောင်မှု လုပ်ငန်းအတွက် အဆိုပြုနှုန်းထား၊

(၁-၆) လိုင်စင်ရရှိသူသို့ သတ်မှတ်ပေးထားသည့် အလားတူဆက်သွယ်ရေး နံပါတ်ခွဲဝေမှု များအား လက်ရှိအသုံးပြုမှုနှင့် အသုံးပြုနိုင်သည့်ကာလ ကြိုတင်ခန့်မှန်းချက်၊

(၁-၇) လျှောက်ထားသူက လိုအပ်သည်ဟု သို့မဟုတ် လျှောက်ထားခြင်းနှင့် သင့်လျော်သည်ဟု ယူဆသည့် အခြားအချက်အလက်များ၊

(၂) လျှောက်ထားသူများသည် ဦးစီးဌာနမှ လျှောက်ထားချက်နှင့်ပတ်သက်၍ သက်ဆိုင်သည်ဟု ယူဆသော အခြားအချက်အလက်များကိုလည်း တင်ပြရ မည်။ တောင်းခံသောအချက်အလက်များသည် လျှောက်ထားသူအပေါ် မလိုလားအပ်သော ဝန်ထုတ်ဝန်ပိုးမဖြစ်စေရ။ နည်းပညာနှင့် လုပ်ငန်း ဆောင်ရွက်မှုဆိုင်ရာ တည်ဆောက်ထားပုံတို့ကို အကျဉ်းချုပ်ဖော်ပြရမည်။

(ဂ) လျှောက်ထားရမည့်ကာလ-

ဆက်သွယ်ရေးနံပါတ် ခွဲဝေချထားပေးရန်အတွက် လျှောက်ထားချက်ကို လုပ်ငန်းမစတင်မီ သုံးလကြိုတင်၍ လျှောက်ထား ရမည်။ အရေးပေါ် အခြေ အနေများ၊ အထူးကိစ္စရပ်များ ကဲ့သို့သော အခြေအနေများ တွင် သုံးလထက် နည်းသောကာလအတွင်း လျှောက်ထားနိုင်ပြီး၊ ယင်း လျှောက်ထားချက်ကို ဦးစီးဌာနမှ ဆုံးဖြတ်ရမည်။

(ဃ) ဆက်သွယ်ရေးနံပါတ်များ သို့မဟုတ် သင်္ကေတများ အရန်ထားရှိခြင်း-

(၁) ဦးစီးဌာနသည် ဆက်သွယ်ရေးနံပါတ်ပမာဏ ခွဲဝေချထား ပေးခြင်း အပြင် လက်ရှိလိုင်စင်ရရှိထားသူများ သို့မဟုတ် ထပ်မံ၍လိုင်စင် လျှောက်ထားလာမည့်သူများအတွက် ဆက်သွယ်ရေး နံပါတ် ပမာဏ အားအရန်ထားရှိရန် ဆုံးဖြတ်ခွင့်ရှိသည်။ အောက်ပါ ကိစ္စရပ်များတွင် ဆက်သွယ်ရေးနံပါတ်များကို အရန်ထားရှိနိုင်သည်-

(၁-၁) လျှောက်ထားသူက ထုတ်ဖော်ခြင်း မပြုလိုသည့် စီးပွားရေးအရ လျှို့ဝှက်အပ်သည့်ကိစ္စရပ်၊

(၁-၂) ဆက်သွယ်ရေးနံပါတ်ခွဲဝေချထားရန် မလျှောက်ထားမီ လျှောက်ထား ခြင်းကို မပေါက်ကြားစေလိုခြင်း သို့မဟုတ်

(၁-၃) သုံးစွဲသူ၏အမှာစာ (Customer Order) အတည်မဖြစ်သေးသည့် အခါ၊

(၂) အောက်ပါတို့အပေါ်အခြေခံ၍ ဆက်သွယ်ရေးနံပါတ်အရန်ထားရှိမှုကို ပြုလုပ် နိုင်သည်-

(၂-၁) လိုင်စင် ရရှိထားသူများက တင်ပြထားသော သုံးနှစ်တစ်ကြိမ်အလှည့်ကျ ခွဲဝေမှုခန့်မှန်းချက် (Three-year rollin g forecast) နှင့် အညီ ဆက်သွယ်ရေးနံပါတ် ပမာဏအတွက် ခန့်မှန်းလျှောက်ထာ လာသည့်အခါ

(၂-၂) လိုင်စင်ရရှိသူတစ်ဦးကလက်ရှိဆောင်ရွက်နေသော ဝန်ဆောင်မှု လုပ်ငန်းများတိုးတက်လာခြင်း သို့မဟုတ် တိုးချဲ့ခြင်း သို့မဟုတ် လုပ်ငန်းသစ်များ ဆောင်ရွက်ခြင်းတို့ကဲ့သို့သော အကြောင်းများ ကြောင့် ခွဲဝေချထားပေးရန် သီးခြားတင်ပြတောင်းဆိုသည့်အခါ

(၃) ဆက်သွယ်ရေးနံပါတ်အရန်ထားရှိရန် အထက်ပါသတ်မှတ်ချက်များ နှင့် အညီ ဦးစီးဌာန သို့ လျှောက်ထားရမည်။ အရန်ထားရှိရန် လျှောက်ထားချက် များ ကို လျို့ဝှက် ထား ရှိရမည်။

(၄) ဦးစီးဌာနသည် ဖြစ်နိုင်ခြေရှိသည့် အခါတိုင်းတွင် ဆက်သွယ်ရေးနံပါတ်အရန် ထားရှိရန် လျှောက်ထားမှုကို ရက်ပေါင်း (၃၀) အတွင်း ခွဲဝေ ချထားပေးရမည် ။ ထိုသို့ အရန်ထား ရှိခြင်းဖြင့် ဆက်သွယ်ရေးနံပါတ်ပမာဏကို အလို အလျောက် ရရှိသည်ဟု မမှတ်ယူရ။ ဆက်သွယ်ရေးနံ ပါတ် ပမာဏကို အရန်ထားရှိခြင်းသည် ဆက်သွယ်ရေးနံပါတ်ကို ခွဲဝေချထားပေးမည် ဟု အာမခံခြင်း မဟုတ်ပေ။

(၅) ဆက်သွယ်ရေးနံပါတ်အရန်ထားရှိမှုသည်ကာလကန့်သတ်ချက်ရှိပြီး၊ ပုံမှန်အားဖြင့် ကန့်သတ်ကာလမှာ သုံးလဖြစ်သည်။အရန်ထား ရှိမှုများကို အသစ်ပြုလုပ်ပေးရန် ဦးစီးဌာနသို့ တင်ပြတောင်းဆိုနိုင်သည်။

(၆) အရန်လျှောက်ထားပြီးဖြစ်သော ဆက်သွယ်ရေးနံပါတ်ပမာဏ ကို အရန် လျှောက်ထားသည့် ရည်ရွယ်ချက် နှင့် အဖွဲ့အစည်း မှ လွဲ၍ ခွဲဝေ ချထားခြင်း မပြုရ။ အောက်ပါကိစ္စရပ်များတွင် အရန်ထားရှိမှု သည်အလိုအလျောက် ပျက်ပြယ် သည်–

(၁) ကန့်သတ်ကာလ ကျော်လွန်သည့်အခါ

(၂) လျှောက်ထားသူက ယင်းအရန်ထားရှိမှုကို ရုပ်သိမ်းသည့်အခါ သို့မဟုတ်

(၃) လျှောက်ထားသူနှင့် ဦးစီးဌာနတို့က ယင်းအရန်ထားရှိမှု သို့မဟုတ် ခွဲဝေချထားမှုအား အစားထိုးရန် သဘောတူညီသည့်အခါ

(င) **ဆက်သွယ်ရေးနံပါတ်အရန်ထားရှိပေးရန် ယှဉ်ပြိုင်တောင်းဆိုမှုအား ကိုင်တွယ် ဆောင်ရွက်ခြင်း**

ဆက်သွယ်ရေးနံပါတ်စဉ်အပိုင်းအခြားများအား အကန့်အသတ်ဖြင့်သာ ရရှိနိုင်သည့် အခါ တွင် ဆက်သွယ်ရေးနံပါတ်အတွဲတစ်ခုတည်းကို လိုင်စင်ရရှိသူများ က ယှဉ်ပြိုင် တောင်းဆိုလာပါက ဦးစီးဌာနသည် ဆက်သွယ်ရေးနံပါတ် အတွဲ ကို တစ်ဦးထက် ပိုသော လိုင်စင် ရရှိသူများအတွက် အရန် ထား ပေးနိုင်သည်။ သို့ရာတွင် သုံးစွဲသူ ၏ အမှာစာအထောက်အထား အပြည့်အစုံကိုတင်ပြနိုင်သည့် လိုင်စင်ရရှိသူကိုသာ ဦးစွာခွဲဝေပေးရမည်။

(စ) **လျှောက်ထားချက်ကို စဉ်းစားခြင်း**

(၁) ဦးစီးဌာနသည် ဆက်သွယ်ရေးနံပါတ်လျာထားသတ်မှတ်ချက်အရ ဆက်သွယ် ရေးနံပါတ်ခွဲဝေ ချထားခြင်း သို့မဟုတ် အရန်ထားရှိခြင်း များ ပြုလုပ် ရာ တွင် အောက်ပါ အချက် များ ကို ထည့်သွင်းစဉ်းစားရမည်-

(၁-၁) ဆက်သွယ်ရေးနံပါတ်လျာထားသတ်မှတ်ချက်အရ လမ်းညွှန်မှုများ၊

(၁-၂) သက်ဆိုင်ရာ လိုင်စင်ဆိုင်ရာ စည်းကမ်းချက်များ၊

(၁-၃) အသုံးပြုရန်အဆိုပြုထားသည့် ဆက်သွယ်ရေးနံပါတ် အပိုင်းအခြား သည် သင့်လျော်မှု ရှိ / မရှိ၊

(၁-၄) လျှောက်ထားသူနှင့်အခြားစိတ်ပါဝင်စားသူများ၏ သဘောထားအမြင်

(၁-၅) ဦးစီးဌာနမှ သက်ဆိုင်သည်ဟု ယူဆသော အခြားကိစ္စရပ်များ၊

(၂) ဦးစီးဌာနသည်လျှောက်ထားမှုနှင့် စပ်လျဉ်း၍ပိုမိုရှင်းလင်းစေရန် အတွက် စုံစမ်းမေးမြန်း ရန် လိုအပ်သည့်အခါလျှောက်ထားသူအား တိုက်ရိုက် ဆက်သွယ် ရမည်။

(၃) ဦးစီးဌာနသည် လျှောက်ထားချက်ပေါ်မူတည်၍ ခွင့်ပြုပေးနိုင်မည့် အတိုင်းအတာ၊ သတ်မှတ်ပေးမည့်ဆက်သွယ်ရေးနံပါတ်များ၊ ဆက်သွယ်ရေးနံပါတ် စဉ်များ၊ လိပ်စာ (addresses)များကို ဆုံးဖြတ်ရမည်။ ဆက်သွယ်ရေးနံပါတ်များနှင့် နံပါတ်စဉ်များကို ရွေးချယ်ရာတွင် ဆက်သွယ်ရေးနံပါတ်လျာထား သတ်မှတ်ချက် အတွင်းရှိ လက်ရှိခွဲဝေချထားမှုကို ထည့်သွင်းစဉ်းစားရမည်။

(၄) ဆက်သွယ်ရေးနံပါတ်အရင်းအမြစ်တစ်ခုတည်းအတွက် တစ်ခုထက်ပိုသော လျှောက်ထားချက်များ ရှိပါက ဦးစီးဌာနသည် ပထမဆုံးမှတ်ပုံတင်သည့် လျှောက်လွှာ ကို ဦးဆုံး ဆောင်ရွက်ပေးရ မည်။ ဦးရာလူစနစ်ကို အခြေခံ၍ ဆောင်ရွက်ခြင်းဖြစ်သည်။

(ဆ) **နံပါတ်များသတ်မှတ်ချထားခြင်းလုပ်ငန်းစဉ်**

(၁) ဦးစီးဌာနသည် ဆက်သွယ်ရေးနံပါတ်လျှောက်ထားချက်ကို သေချာစွာ စဉ်းစားပြီး၊ ဆက်သွယ်ရေးနံပါတ် စာရင်းများအား အချိန်နှင့်တပြေးညီ ပြုစုပြီးပါက လျှောက်ထား ချက်များကို လက်ခံ ရရှိပြီး (၄၅) ရက်အတွင်း နံပါတ်ချထားပေးမှု ကို လျှောက်ထားသူအား စာဖြင့် အကြောင်းကြား ရမည်။

(၂) ဦးစီးဌာနသည် ဆက်သွယ်ရေးနံပါတ်များ၊ နံပါတ်စဉ်များနှင့် လိပ်စာများ (addresses) သတ်မှတ်ချထားပေးမှုကို အိုင်တီယူ၏လုပ်ငန်းဆိုင်ရာသတင်းလွှာ (ITU's Operational Bulletin) တွင် ထည့်သွင်း ကြေညာနိုင်ရန် အိုင်တီယူ သို့ အကြောင်းကြား ရမည်။

(၃) ဦးစီးဌာနသည် လိုင်စင်ရရှိသည့်အခြားသူများနှင့် သုံးစွဲသူများအား ဆက်သွယ်ရေး နံပါတ်များ ခွဲဝေသတ်မှတ်ခြင်း နှင့်ပတ်သက်၍ အကြောင်းကြားမည်မဟုတ်သည့်အတွက် ဆက်သွယ်ရေး နံပါတ်အရင်းအမြစ်များခွဲဝေချထားခြင်းခံရသည့် လိုင်စင် ရရှိသူသည် ဝန်ဆောင်မှု လုပ်ငန်းဆောင်ရွက်သည့်အခြားသူများနှင့် သုံးစွဲသူများထံ ဆက်သွယ်အကြောင်းကြားရမည်။

(၄) ဦးစီးဌာနမှ အခါအားလျော်စွာ ထုတ်ပြန်ကြေညာသည့် အချိန်နှင့်တပြေးညီ ပြုစုထားသော ဆက်သွယ်ရေးနံပါတ်လျာထားသတ်မှတ်ချက်တွင် သတ်မှတ်ချထားပေးထားသည့် နံပါတ် များ ပါဝင်ရမည်။

(ဇ) **ဆက်သွယ်ရေးနံပါတ်စဉ်အပိုင်းအခြားသစ်များ သို့မဟုတ် ဆက်သွယ်ရေးနံပါတ် လျာထား သတ်မှတ်ချက် ပြောင်းလဲမှုများ**

(၁) ဦးစီးဌာနသည်ဆက်သွယ်ရေးနံပါတ်စဉ်အပိုင်းအခြားသစ်များ သို့မဟုတ် နံပါတ်အပိုင်းအခြား၏ အရေးပါသောအပိုင်းများအား မသတ်မှတ်မီ အနည်းဆုံး (၄၅) ရက် ကြိုတင်၍ အကြောင်းကြားစာ ထုတ်ပြန်ရမည်။ ဦးစီးဌာနသည် အဆိုပါအပိုင်းအခြားများအတွက် လျှောက်လွှာစတင်လက်ခံ မည့်နေ့ကို သတ်မှတ်ပေးရမည်ဖြစ်ပြီး ထိုနေ့မတိုင်မီ မည်သည့် လျှောက်ထားမှုကိုမျှ လက်ခံခြင်း မပြုရ။

(၂) ဦးစီးဌာနသည် အိုင်တီယူ-တီထံသို့ ဆက်သွယ်ရေး နံပါတ် လျာထား သတ်မှတ်ချက် ပြောင်းလဲမှုများကို အိုင်တီယူ-တီ၏ လုပ်ငန်းဆိုင်ရာသတင်းလွှာ ( ITU-T opernational bulletin) တွင် ထည့်သွင်း ကြေညာပေးနိုင်ရန် အတွက် အကြောင်း ကြား ရမည်။

(၃) ဦးစီးဌာနမှ သင့်လျော်သည်ဟု ထင်မြင်ယူဆပါက ပြည်ပဆက်သွယ်ရေး အဖွဲ့အစည်းများသို့ လိုအပ်သလိုအသိပေး အကြောင်းကြားနိုင်သည်။

**(ဈ) ဆက်သွယ်ရေးနံပါတ်ပမာဏ လျှောက်ထားချက်များအား ငြင်းပယ်ခြင်း**

ဦးစီးဌာနသည်-

(၁) ဆက်သွယ်ရေးနံပါတ်ပမာဏအားခွဲဝေချထားပေးရန် သို့မဟုတ် အရန် ထား ရှိပေးရန် လျှောက်ထားချက်ကို ငြင်းပယ်နိုင်သည်။

(၂) အောက်ပါအချက်များနှင့်ပတ်သက်၍လျှောက်ထားချက်ကို ငြင်းပယ်နိုင်သည်-

(၂-၁) လိုအပ်သောအချက်အလက်များ တင်ပြနိုင်ခြင်းမရှိလျှင်၊

(၂-၂) လျှောက်ထားချက်သည်ဆက်သွယ်ရေးနံပါတ်လျာထားသတ်မှတ်ချက် နှင့် ကိုက်ညီမှု မရှိလျှင်၊

(၂-၃) ခွဲဝေချထားပေးသည့် ဆက်သွယ်ရေးနံပါတ်စဉ်အပိုင်းအခြားအတွင်း လုံလောက်သော သင်္ကေတတို အရင်းအမြစ် (short code resources) ရရှိနိုင်မှု ကို ကာကွယ်ထိန်းသိမ်းရန်လိုအပ်လျှင်

(၂-၄) ဦးစီးဌာနမှ သင့်လျော်သည် ဟုယူဆသော အခြား အကြောင်း ကိစ္စရှိလျှင်

(၃) လျှောက်ထားချက်ကို အပြည့်အဝခွင့်မပြုဘဲဖြစ်စေ၊ ခွဲဝေချထားမှုဆိုင်ရာသီးခြား စည်းကမ်းချက်များပူးတွဲထုတ်ပြန်၍ဖြစ်စေပြုလုပ်နိုင်သည်။ အဆိုပါစည်းကမ်းချက် များသည် ဆက်သွယ်ရေးနံပါတ်ခွဲဝေချထားမှုဆိုင်ရာ စံသတ်မှတ်ချက်များ နှင့် သော် လည်းကောင်း၊ ခွဲဝေချထားပေးသော ဆက်သွယ်ရေးနံပါတ်အရင်းအမြစ် (numbering resources) အား အသုံးပြုပုံ၊ စီမံခန့်ခွဲပုံတို့နှင့် သော်လည်းကောင်း ကိုက်ညီရမည် ။ အဆိုပါ သီးသန့်စည်းကမ်းချက်များကို နံပါတ်ခွဲဝေချထားစဉ်တွင် စာဖြင့် တစ်ပါတည်း ရေးသား ဖော်ပြရမည်။

(၄) လျှောက်ထားချက်အားတစ်စိတ်တစ်ပိုင်းသော်လည်းကောင်း၊ အားလုံးသော် လည်းကောင်း ငြင်းပယ်သည့်အခါတွင်ဖြစ်စေ သို့မဟုတ် သီးခြားစည်းကမ်းချက်များဖြင့် ခွင့်ပြုသည့်အခါတွင်ဖြစ်စေ ဦးစီးဌာနသည် ထိုသို့ပြုလုပ်ရခြင်း၏ အကြောင်းရင်းကို လျှောက်ထားသူ ထံ စာဖြင့်အကြောင်းကြား ရမည်။

(၅) လျှောက်ထားသူနှင့် တိုင်ပင်ဆွေးနွေးများပြုလုပ်ပြီးနောက် မူ လ လျှောက်ထားချက် ကို ငြင်းပယ်ရန် ဖြစ်စေခဲ့သည့် အကြောင်းရင်းများ နှင့် ဆန့်ကျင်မှုမရှိစေပဲ လျှောက်ထားသူ၏လိုအပ်ချက်များကိုလည်း ဖြည့်ဆည်းပေးသွားနိုင်မည့် အခြားသော ခွဲဝေချထားမှု တစ်မျိုးကို ပြုလုပ်ပေးနိုင်သည်။

**(ည) ဆက်သွယ်ရေးနံပါတ် ခွဲဝေချထားမှုအား ပြောင်းလဲခြင်း**

(၁) ဆက်သွယ်ရေးနံပါတ်ပမာဏခွဲဝေရရှိထားသူများသည် အောက်ပါ အချက် များနှင့် ပတ်သက်၍ ပြောင်းလဲလိုပါက ဦးစီးဌာနသို့ တင်ပြလျှောက်ထား ရမည်–

(၁-၁) ဆက်သွယ်ရေးနံပါတ်အတွဲ သို့မဟုတ် ဆက်သွယ်ရေးသင်္ကေတ ပိုင်ဆိုင်မှုအား ပြောင်းလဲခြင်း၊

(၁-၂) ဆက်သွယ်ရေးနံပါတ်ခွဲဝေမှုနှင့်စပ်လျဉ်းသည့်မူလရည်ရွယ်ချက် သို့မဟုတ် အသုံးပြုပုံအားပြောင်းလဲ ခြင်း သို့မဟုတ်

(၁–၃) ဆက်သွယ်ရေးနံပါတ်ခွဲဝေချထားမှုကို အသုံးပြုခြင်းနှင့် သက်ဆိုင် သည့် အခြေအနေ ကို ပြောင်းလဲခြင်း

**(ဋ) ဆက်သွယ်ရေးနံပါတ်များ သို့မဟုတ် ဆက်သွယ်ရေးသင်္ကေတများအား ရုပ်သိမ်းခြင်း နှင့် ပြန်လည်အပ်နှံခြင်း**

(၁) ဆက်သွယ်ရေးနံပါတ်များအား အသုံးပြုရာတွင် သို့မဟုတ် ခွဲဝေချထား ပေးရာတွင် အောက်ပါအချက်များ နှင့်ကိုက်ညီမှု မရှိပါက ဦးစီးဌာနသည် ခွဲဝေချထားသည့် ဆက်သွယ်ရေးနံပါတ်ပမာဏ အားလုံးကို သော်လည်းကောင်း၊ တစ်စိတ်တစ်ပိုင်းကို သော်လည်းကောင်း ရုပ်သိမ်း နိုင်သည်-

(၁-၁) သက်ဆိုင်ရာစံချိန်စံညွှန်းများနှင့် ကိုက်ညီမှုမရှိခြင်း၊

(၁-၂) ဆက်သွယ်ရေးနံပါတ်လျာထားချက်နှင့် ကိုက်ညီမှုမရှိခြင်း သို့မဟုတ်

(၁-၃) ဆက်သွယ်ရေးနံပါတ်ခွဲဝေချထားမှုဆိုင်ရာသီးခြားစည်းကမ်း ချက်များနှင့် ကိုက်ညီမှုမရှိခြင်း၊

(၂) ဦးစီးဌာနမှ ခွဲဝေချထားပေးသည့် လက်ရှိအသုံးပြုနေသည့် ဆက်သွယ်ရေး နံပါတ်စဉ် အပိုင်းအခြားကို စိတ်ပါဝင်စားသူများ နှင့် (၄၅)ရက်ထက် မနည်း သော တိုင်ပင်ဆွေးနွေးမှုကို ပြုလုပ်ပြီးမှသာ ရုပ်သိမ်းနိုင်သည်။ တိုင်ပင် ဆွေးနွေး မှု ပြုလုပ်ပြီးနောက် အကြောင်းကြားရမည့် ကာလသည် ရက် ပေါင်း (၉၀) ထက် မနည်း စေရ။

(၃) အကယ်၍ ဆက်သွယ်ရေးနံပါတ် ခွဲဝေချထားမှုတစ်ခုလုံး ကို သော်လည်း ကောင်း၊ တစ်စိတ် တစ်ပိုင်းကိုသော်လည်းကောင်း (၆)လ အတွင်းလုပ်ကိုင် ဆောင်ရွက်ခြင်းမရှိလျှင် စိတ်ပါဝင်စား သူများ နှင့် တိုင်ပင်ဆွေးနွေးပြီးနောက် ခွဲဝေချထားမှုကို ရုပ်သိမ်းနိုင်သည်။ တိုင်ပင် ဆွေးနွေးမှု ပြုလုပ်ပြီး နောက် အကြောင်းကြားရမည့် ကာလသည် ရက် ပေါင်း (၉၀) ထက် မနည်း စေရ။

**(ဃ) ခွဲဝေပေးထားသည့်ဆက်သွယ်ရေးနံပါတ်များအား ပြန်လည်အပ်နှံခြင်း**

(၁) လိုင်စင်ရရှိသူသည် ခွဲဝေချထားပေးသည့် ဆက်သွယ်ရေးနံပါတ်ကို အသုံးပြုရန် မလိုအပ် တော့ သည့်အခါဦးစီးဌာနသို့ ဆောလျင်စွာ ပြန်လည် အပ်နှံရမည်။

(၂) လိုင်စင်ရရှိသူသည် ဆက်သွယ်ရေးနံပါတ် အတွဲ အပြည့်အစုံကိုသာ ပြန်လည် အပ်နှံနိုင်သည်။ ဆက်သွယ်ရေး နံပါတ်အတွဲ ကို ခွဲ၍အပ်နှံခြင်းမပြုရ။

**(င) ဆက်သွယ်ရေးနံပါတ်များ ရုပ်သိမ်းခြင်းနှင့်ပြန်လည်ခွဲဝေချထားခြင်းအတွက် တာဝန် ရှိမှု**

(၁) ဦးစီးဌာနက ဆက်သွယ်ရေးနံပါတ်ခွဲဝေမှုကို ရုပ်သိမ်း၍ အခြားနည်း တစ်မျိုးမျိုးဖြင့် ပြန်လည်ခွဲဝေချထားသည့်အခါတွင် ယခင်ခွဲဝေချထားပေးသည့် နံပါတ်နှင့် အလားတူသည့် "စံ" ဆက်သွယ်ရေးနံပါတ်တစ်ခုခုဖြင့် ပြန်လည်ခွဲဝေပေးရမည်။ ဤသို့ ပြုလုပ်ခြင်းကို အလွန်အဖိုးတန်သည့်နံပါတ်ကောင်းများ (golden number) ရုပ်သိမ်း ခြင်းနှင့် ပြန်လည်ခွဲဝေခြင်းပြုလုပ်ရာတွင်လည်း အသုံး ပြုနိုင်သည်။

(၂) အထက်တွင် မည်သို့ပင်ဖော်ပြစေကာမူ နံပါတ်များရုပ်သိမ်းခြင်း နှင့် ပြန်လည် ခွဲဝေခြင်းနှင့်ပတ်သက်၍ မည်သည့်တာဝန်မရှိစေရ။

**၁၆။ ဆက်သွယ်ရေးနံပါတ်လျှာထားသတ်မှတ်ချက်အား စီမံခန့်ခွဲခြင်း**

(က) အလုံးစုံတာဝန်ရှိမှု- ဦးစီးဌာနသည် ဆက်သွယ်ရေးနံပါတ်လျှာထားသတ်မှတ်ချက် ဆိုင်ရာ စီမံခန့်ခွဲမှုကိစ္စအရပ်ရပ်နှင့် ပတ်သက်၍ တာဝန်ရှိပြီး မည်သည့်လုပ်ငန်းကို မဆို ဆောင်ရွက်ရမည်။ သို့မဟုတ် လိုင်စင်ရရှိသူများမှ ဆောင်ရွက်ရန် လိုအပ်သည် ဟု ယူဆသော မည်သည့် လုပ်ငန်းကိုမဆို တာဝန်ယူစေရမည်။

(ခ) ဆက်သွယ်ရေးနံပါတ် လျှာထားသတ်မှတ်ချက်အား စစ်ဆေးမှုလုပ်ငန်းစဉ်-

(၁) ဆက်သွယ်ရေးနံပါတ် ခွဲဝေချထားမှု ရရှိထားသူတိုင်းသည် ဦးစီးဌာန သို့ ဆက်သွယ်ရေးနံပါတ်ဆိုင်ရာနှစ်စဉ် ပြန်လည်တင်ပြချက် ကို တင်ပြ ရမည်။ ထိုတင်ပြချက်တွင် ပြက္ခဒိန်နှစ်ကုန်ဆုံး ချိန်ထိ အကျုံးဝင်သော အချက်အလက်များကို ဖော်ပြရမည်ဖြစ်ပြီး ဦးစီးဌာန မှ တောင်းဆိုသည့်အတိုင်း တင်ပြကြရမည်။ သို့သော် ထိုသို့တင်ပြရမည့်ရက် မှာ အများအားဖြင့် နှစ်တစ်နှစ်မကုန်ဆုံးမီ ရက်ပေါင်း(၄၅) ရက်အတွင်းဖြစ်ရ မည်။

(၂) ဆက်သွယ်ရေးနံပါတ် ခွဲဝေချထားပေးမှုတိုင်းအတွက် ဆက်သွယ်ရေးနံပါတ် ဆိုင်ရာနှစ်စဉ် ပြန်လည်တင်ပြချက်တွင် အောက်ပါအချက် အလက်များကို ဖော်ပြရမည်-

(၂-၁) ဆက်သွယ်ရေးနံပါတ်ခွဲဝေချထားမှုအား လက်ရှိအသုံးပြုပုံ၊

(၂-၂) သုံးစွဲသူများအား ခွဲဝေချထားပေးသည့် လက်ရှိဆက်သွယ်ရေးနံပါတ် များ၊

(၂-၃) လျှာထားသည့် နံပါတ်တိုးချဲ့မှု အတွက် သော်လည်းကောင်း၊ သုံးစွဲသူ ၏ အမှာစာများ အတွက် သော်လည်းကောင်း၊ အခြား အသုံးပြုလိုမှု အတွက် သော်လည်းကောင်း

ဖယ်ချန်ထားသည့် ဆက်သွယ်ရေး နံပါတ်များ၏ အသေးစိတ်အချက်အလက်များ နှင့်တကွ ရှင်းလင်း ချက် များ၊

(၂-၄) သုံးစွဲသူများမှတစ်ပါး ရည်ရွယ်ချက်တစ်ခုခု ကြောင့် ပုဂ္ဂိုလ် တစ်ဦး ဦး ကို ခွဲဝေပေးထားသည့် ဆက်သွယ်ရေး နံပါတ်အတွဲများ

(၃) ဆက်သွယ်ရေးနံပါတ်ဆိုင်ရာ နှစ်စဉ်ပြန်လည်တင်ပြချက် တိုင်း တွင် အောက်ပါ အချက်များ ထည့်သွင်း ဖော်ပြရမည်။

(၃-၁) ဦးစီးဌာနမှ ခွဲဝေချထားသည့် ဆက်သွယ်ရေးနံပါတ်စဉ် အပိုင်းအခြား အတွင်း ဖြစ်ပေါ်လာနိုင်သည့် (၃) နှစ်အတွက် ဆက်သွယ်ရေး နံပါတ် ခန့်မှန်း လိုအပ်ချက်၊

(၃-၂) လိုင်စင်ရရှိသူမှ ဆက်လက်အရန်ထားရှိမည့် ဆက်သွယ်ရေး နံပါတ် ပမာဏ များ အတွက် ကျိုးကြောင်း ရှင်းလင်းချက်နှင့်

(၃-၃) ဦးစီးဌာနမှ တောင်းဆိုထားသည့် အခြားအချက်အလက်များ

(၄) အဆိုပါ အချက်အလက်များ အား တင်ပြရာတွင် ဦးစီးဌာနမှ သတ်မှတ်ထား သည့် ပုံစံအတိုင်း တင်ပြကြရမည်။ သို့သော် အဖွဲ့အစည်း တစ်ခုခု မှ ဆက်သွယ်ရေး နံပါတ်ဆိုင်ရာ နှစ်စဉ် ပြန်လည်တင်ပြချက် ကို တင်ပြရာတွင် ဦးစီးဌာနက သတင်း အချက် အလက်များ စုဆောင်းခြင်း သို့မဟုတ် စိစစ်သုံးသပ် ခြင်း တို့ အတွက် အဆိုပါအဖွဲ့အစည်းအား ဝန်ထုပ် ဝန်ပိုးဖြစ်စေ သည့် သတင်း အချက်အလက်များကို တောင်းဆိုခြင်းမပြုရ။

(ဂ) ဆက်သွယ်ရေးနံပါတ် လျာထားသတ်မှတ်ရေး နှစ်စဉ်အစီရင်ခံစာ-

ဦးစီးဌာနသည် ‘ဆက်သွယ်ရေးနံပါတ်လျာထားသတ်မှတ်ချက် နှစ်စဉ် အစီရင်ခံစာ’ ကို ပြုစုရေးဆွဲထုတ်ပြန်ရမည်။ ယင်းအစီရင်ခံစာ တွင် ဌာနတစ်ခု၏ လုပ်ငန်း တာဝန် များ ဆိုင်ရာ စီမံအုပ်ချုပ်မှု အချက်အလက်များ၊ လက်ရှိ ဆက်သွယ် ရေး နံပါတ်များ ခွဲဝေချထားမှုဆိုင်ရာ အသေးစိတ်အချက်အလက်များ နှင့် အနာဂတ် လိုအပ်ချက် များ အတွက် ကြိုတင်ခန့်မှန်းချက်၊ ဆက်သွယ်ရေးနံပါတ်လျာထား သတ်မှတ်ချက် တိုးတက်လာမှု၊ ဆက်သွယ်ရေးနံပါတ်လျာထားသတ်မှတ်ရေး ဆိုင်ရာ ကွန်ဗင်းရှင်းများ အား ပြင်ဆင်ရန်လျာထားချက်အသေးစိတ် နှင့် အခြား ဆက်နွယ်သည့် အကြောင်းအရာများ ပါဝင်သည်။

(ဃ) အခြားသူများထံ အကြောင်းကြားရန်လိုအပ်ခြင်း-

(၁) ဆက်သွယ်ရေးနံပါတ်ခွဲဝေချထားသည့်အခါ ယင်း ခွဲဝေချထားမှုကို ရရှိသူ သည် အခြားသက်ဆိုင်ရာ လိုင်စင်ရရှိသူများ နှင့် လိုအပ်ပါက ပြည်ပမှ အာဏာပိုင်အဖွဲ့အစည်းများ အား အကြောင်းကြားရန်နှင့် ညှိနှိုင်း ဆောင်ရွက် ရန် တာဝန်ရှိသည်။

(၂) ဆက်သွယ်ရေးနံပါတ်ပမာဏခွဲဝေချထားမှုကို ရရှိထားသူများ အနေဖြင့် ခွဲဝေ ပေးထားသည့် ဆက်သွယ်ရေး သင်္ကေတများနှင့် ဆက်သွယ်ရေး နံပါတ် အတွဲ များ ကို စတင် အသုံး ပြု သည့်ရက်စွဲများအား အကြောင်းကြား ရမည့် ၎င်း တို့ ၏ အဖွဲ့အစည်းများ နှင့် ဆက်သွယ်ထားရှိမှု အခြေအနေ အား ဦးစီး ဌာန သို့ စဉ်ဆက်မပြတ် တင်ပြရမည်။

(၃) ဦးစီးဌာနသည် ယင်းဆောင်ရွက်ရမည့်အဖွဲ့အစည်းများ၏ စာရင်းကိုပြုစုထား ရမည် ဖြစ်ပြီး ဦးစီးဌာနမှ အချက်အလက်ရယူရန် လိုအပ်သည်ဟု ထင်မြင် ယူဆသော ယင်းစာရင်းပေါ်ရှိအဖွဲ့အစည်းများနှင့် အခြားသူများအား အလွယ် တကူတောင်းဆိုမှု ပြုလုပ်နိုင်ရန် ဆောင်ရွက်ထားရမည်။

၁၇။ **ဆက်သွယ်ရေးနံပါတ်လျာထားသတ်မှတ်ချက်မှတ်တမ်းများနှင့် အချက်အလက်အစုအဝေး (Database) ပြုစုခြင်း**

(က) အချက်အလက်အစုအဝေးမှတ်တမ်း

ဦးစီးဌာန သည် ဆက်သွယ်ရေးနံပါတ်လျာထားချက် တွင် ပါဝင်သည့် ဆက်သွယ်ရေး နံပါတ်အပိုင်းအခြားများ၊ ဆက်သွယ်ရေးသင်္ကေတများ နှင့် ဆက်သွယ်ရေး နံပါတ်အတွဲ များ၏

အခြေအနေများနှင့် ပတ်သက်သည့် ပြည့်စုံရှင်းလင်းသော မှတ်တမ်းများ (records) နှင့် အချက်အလက်အစုအဝေး (Database) များကို ထိန်းသိမ်း ထားရမည်။ ဆက်သွယ်ရေး နံပါတ်လျာထား သတ်မှတ် ချက် အပြည့်အစုံ ကို ဦးစီးဌာနမှ ထိန်းသိမ်း ထားသည့် စာရွက်စာတမ်းတစ်ခု အနေဖြင့် ဖော်ပြရမည်။ ယင်းမှတ်တမ်းအား လိုအပ်သည့်အခါ သက်ဆိုင်ရာအဖွဲ့အစည်းများက ရရှိနိုင်စေရမည်။

(ခ) အရန်ထားရှိသော ဆက်သွယ်ရေးနံပါတ်များ-

လိုင်စင်ရရှိသူတစ်ဦး၏ အရန်ထားရှိသော ဆက်သွယ်ရေးနံပါတ်များအား စီးပွားရေး အရ ထိခိုက်မှု မရှိပါကဆက်သွယ်ရေးနံပါတ်လျာထား သတ်မှတ်ချက် တွင် ထည့်သွင်း ဖော်ပြရမည်။ အရန်ထားရှိထားသော နံပါတ်များနှင့် ပတ်သက်၍ အသေးစိတ် ထပ်မံသိရှိလိုသူများအနေဖြင့် အဆိုပါ ဆက်သွယ်ရေး သင်္ကေတ သို့မဟုတ် ဆက်သွယ်ရေး နံပါတ်အတွဲ များအား အရန်ထားရှိသူ ထံ ဆက်သွယ် ရမည်။

(ဂ) ပြောင်းလဲမှုများအား ထုတ်ပြန်ခြင်း -

ဆက်သွယ်ရေးနံပါတ် လျာထား သတ်မှတ်ချက်အား အချိန်နှင့် တပြေးညီ ပြုစု ရမည့်အပြင် ဦးစီးဌာနအနေဖြင့် သင့်လျော်သော ကာလများတွင် ဆက်သွယ်ရေး နံပါတ် ခွဲဝေချထားပေးခြင်း၊ အရန်ထားရှိခြင်း သို့မဟုတ် ရုပ်သိမ်းခြင်းဆိုင်ရာ အသေးစိတ်အချက်အလက်များ၊ ခွဲဝေသတ်မှတ်ပေးထားသော၊ အရံထား ရှိသော သို့မဟုတ် ရုပ်သိမ်းခံရသော နံပါတ်စဉ်အပိုင်းအခြားများ၊ ခွဲဝေ ချထားမှုကို ရရှိသူများ၊ ရုပ်သိမ်းခံရသူများ နှင့် အရေးယူဆောင်ရွက် သည့် ရက်စွဲ တို့ကိုလည်း ထုတ်ပြန်ရမည်။

(ဃ) အခြေအနေပြ အညွှန်းများ-

(၁) ဆက်သွယ်ရေးနံပါတ် လျာထားသတ်မှတ်ချက်တွင် ပါရှိသည့် ဆက်သွယ်ရေး နံပါတ်များ သို့မဟုတ် သင်္ကေတများအားလုံးသည် သတ်မှတ်ထား သည်ဖြစ်စေ၊ သတ်မှတ်ထားခြင်းမရှိသည် ဖြစ်စေ အောက်ဖော်ပြပါ အမျိုးအစားနှစ်မျိုး အနက် တစ်မျိုး မျိုးတွင် အကျုံး ဝင်သည်။

(၁-၁) သတ်မှတ်ထားသော ဆက်သွယ်ရေးနံပါတ်များ သို့မဟုတ် သင်္ကေတ များ ဆိုသည်မှာ - သီးသန့်အသုံးပြုရန်ရည်ရွယ်ချက်ဖြင့် ဖယ်ချန်ထား သည့် ဆက်သွယ် ရေးနံပါတ် များ သို့မဟုတ် သင်္ကေတများကို ဆိုလိုသည်။ (ဥပမာ– ကြိုးဖုန်းများ၏နယ်မြေသင်္ကေတ နှင့် မိုဘိုင်းဖုန်းများ၏ သင်္ကေတ)

(၁-၂) နံပါတ် သို့မဟုတ် သင်္ကေတ သတ်မှတ်မှုသည် ဆက်သွယ်ရေးနံပါတ် တစ်ခု သို့မဟုတ် သင်္ကေတတစ်ခုခုအား ရရှိနိုင်မှုကို သော် လည်း ကောင်း ၊ အခြားတနည်းနည်းကို သော်လည်းကောင်း ညွှန်းဆိုခြင်း မဟုတ်ပါ ။

(၂) ဆက်သွယ်ရေးနံပါတ်လျာထားသတ်မှတ်ချက်တွင် သတ်မှတ်ထားခြင်း မရှိ သော နံပါတ် သို့မဟုတ် သင်္ကေတများသည်ဆက်သွယ်ရေး နံပါတ်ခွဲဝေ ချထားခြင်း သို့မဟုတ် အရံထားရှိခြင်းမပြုလုပ်နိုင်ပါ။

(၃) သတ်မှတ်ထားသော ဆက်သွယ်ရေးသင်္ကေတများ သို့မဟုတ် နံပါတ် များ တွင် အောက်ဖော်ပြပါအခြေအနေပြ အညွှန်းတစ်ခုခု ပါရှိရမည်-

(၃-၁) "ခွဲဝေချထားသော" ဆိုသည်မှာ ပုဂ္ဂိုလ်တစ်ဦးဦးအတွက် ခွဲဝေ ပေး ထားပြီး၊ ထိုပုဂ္ဂိုလ်၏အမည်နှင့် ယှဉ်တွဲဖော်ပြထားသော ဆက်သွယ်ရေး သင်္ကေတများနှင့် နံပါတ်များကိုဆိုလိုသည်။ ထိုသို့ "ခွဲဝေချထားသော" ဆက်သွယ်ရေးသင်္ကေတများ နှင့် ဆက်သွယ်ရေး နံပါတ် အတွဲ အများစု သည် လက်ရှိအသုံးပြုနေခြင်း ဖြစ်နိုင် သော် လည်း ယင်းမှတ်တမ်းများ တွင် စတင်အသုံးပြုသည့် ရက်စွဲများ မပါဝင်ရ။ ထို့ပြင် လျှောက်ထားသူတစ်ဦးမှ လုပ်ငန်းမစတင်မီ စီးပွားရေး အရ ထိခိုက်နိုင်သည့် အချက်လက် များ ကို ကာကွယ်ရန် ဟူ သော အကြောင်းပြချက်ဖြင့် ထိန်းသိမ်းထားပါက အဆို ပါ ခွဲဝေ ချထားမှု အသေးစိတ် အား ဆက်သွယ်ရေးနံပါတ်လျာထား သတ်မှတ် ချက် တွင် ဖော်ပြခြင်း မရှိရ။

(၃-၂) “ပြောင်းရွှေ့သူများအတွက်သာခွဲဝေချထားသော” ဆိုသည် မှာ ဆက်သွယ်ရေးနံပါတ်စဉ် အပိုင်းအခြားတစ်ခုမှ အခြားတစ်ခုသို့ ပြောင်းရွှေ့လိုသည်ဟု ဖော်ပြထားသော ပုဂ္ဂိုလ် တစ်ဦးဦး အတွက် ခွဲဝေချထားသည့် ဆက်သွယ်ရေးသင်္ကေတ သို့မဟုတ် ဆက်သွယ်ရေး နံပါတ်အတွဲကို ဆိုလိုသည်။ ထိုသို့ခွဲဝေချထားခြင်းသည် ယာယီသာ ဖြစ်နိုင်သော် လည်း သင့် လျော်သော သတ်မှတ်ကာလနောက်ပိုင်းတွင် ခွဲဝေ ချထား ရေး စံသတ်မှတ်ချက်များ နှင့် ကိုက်ညီမှုရှိပါက ယင်း ဆက်သွယ်ရေး နံပါတ်အတွဲအား လုပ်ငန်း အသစ်များ အတွက် အသုံးပြုနိုင်ကြောင်း ကို ဦးစီးဌာနမှ ဆုံးဖြတ်နိုင်သည်။ ယင်း ဆက်သွယ်ရေး သင်္ကေတ သို့မဟုတ် ဆက်သွယ်ရေး နံပါတ် ၏ အခြေအနေပြ အညွှန်းသည်လည်း ပြောင်းလဲ သွားမည်။

(၃-၃) “လစ်လပ်သော”- ဆိုသည်မှာ ယင်း ဆက်သွယ်ရေးသင်္ကေတ သို့မဟုတ် နံပါတ်အတွဲ သည် ခွဲဝေချထားရန် သို့မဟုတ် အရန်ထား ရှိရန် ရရှိနိုင်သည် ဟု ဆိုလိုသည်။ ထိုသို့ “လစ်လပ်သော” ဟု ဖော်ပြထားသည့် ဆက်သွယ်ရေးနံပါတ်အတွဲ တစ်ခုသည် စာရင်းကို နောက်ဆုံးပြုစုထားသည့်အချိန်နှင့် ယင်းဆက်သွယ်ရေး နံပါတ်အတွဲ ကို လျှောက်ထားသည့်အချိန် ကာလ အတွင်း လိုင်စင်ရရှိသူ အခြားတစ်ဦးဦး မှ တောင်းခံထားပြီး ပြုနိုင်သည်ကိုလည်း လျှောက်ထားသူက သတိပြုရမည်။

(၃-၄) “သီးခြားရည်ရွယ်ချက်အတွက်သာလစ်လပ်သော”-ဆိုသည်မှာသီးခြားရည်ရွယ်ချက်များ အတွက်သာ လစ်လပ်ထားရှိသော ဆက်သွယ်ရေး နံပါတ်စဉ်အပိုင်း အခြားများကို ဆိုလိုသည်။

(၃-၅) “ထိန်းသိမ်းထားသော” - ဆိုသည်မှာ ထပ်မံအကြောင်းမကြားမီ အချိန်ထိ (သို့မဟုတ်) ရက်စွဲဖော်ပြထားပါက ယင်းရက်စွဲမတိုင်မီအထိ ထိန်းသိမ်းထား သော ဆက်သွယ်ရေး နံပါတ်အတွဲကို ဆိုလိုသည်။

(၃-၆) “အရန်ထားရှိသော” - ဆိုသည်မှာ လျှောက်ထားသူ (နှင့်/ သို့မဟုတ်) ဦးစီးဌာနမှ အတည်ပြုချက်အရ ဆက်သွယ်ရေးနံပါတ်များအား ယာယီခွဲဝေချထားခြင်းကိုဆိုလို သည်။ စီးပွားရေးအရ လျှို့ဝှက်အပ် သည့် ကိစ္စရပ် များ အား ထည့်သွင်း စဉ်းစား၍ အရန် ထား ရှိရန် လျှောက်ထားသူ၏ အမည်ကို ပုံမှန်အားဖြင့် မဖော်ပြရ။

၁၈။ **ခွဲဝေချထားသည့် နံပါတ်စဉ်အပိုင်းအခြားအတွင်းရှိ ဆက်သွယ်ရေးနံပါတ်များ အသုံးပြုမှုအတွက် စည်းကမ်းချက်များ**

(က) အထွေထွေစည်းကမ်းချက်များ-

ဆက်သွယ်ရေးနံပါတ်ပမာဏအား အသုံးပြုခြင်း နှင့် ပတ်သက်၍ ဦးစီးဌာန က သတ်မှတ်ပေးထားသော ခွဲဝေချထားမှုများအားလုံး အတွက် အထွေထွေ စည်းကမ်း ချက်များမှာ အောက်ပါ အတိုင်း ဖြစ်သည်–

(၁) လျှောက်ထားချက်တွင် ဖော်ပြထားသည့်ရည်ရွယ်ချက်များ အတွက်သာ ဆက်သွယ်ရေး နံပါတ်များကို အသုံးပြုရမည်။

(၂) ဆက်သွယ်ရေးနံပါတ်များအား ရရှိထားသည့် မူလ လိုင်စင်ရရှိသူသည် ယင်းနံပါတ်များအတွက် တာဝန်ရှိစေရမည်။

(၃) လိုင်စင်ရရှိသူအချင်းချင်း ဆက်သွယ်ရေးနံပါတ်များနှင့် နံပါတ်အတွဲများအား လဲလှယ်ခြင်း သို့မဟုတ် ရောင်းဝယ်ခြင်းမပြုရ။

(၄) လိုင်စင်ရရှိသူအား နံပါတ်ခွဲဝေချထားမှုသည် ၎င်းနှင့် “ရာသက်ပန်” သက်ဆိုင်မှုရှိသည်။ သို့သော် မည် သည့်လိုင်စင်ရရှိသူ၊ သို့မဟုတ် သုံးစွဲသူ တစ်ဦး ကမျှ ဦးစီးဌာနမှ ခွဲဝေချထားသည့် ဆက်သွယ်ရေးနံပါတ်များအား ပိုင်ဆိုင်ခွင့်မရှိ။

(၅) ဆက်သွယ်ရေးနံပါတ်ခွဲဝေပေးခြင်းခံရသည့် လိုင်စင်ရရှိသူအနေဖြင့် ၎င်းအား အသုံးပြုရန် ခွင့်ပြုထားသည့် ရည်ရွယ်ချက်များအတွက် သာလျှင် ဆက်သွယ်ရေး နံပါတ်များကို အသုံးပြုရမည်။

(၆) ဆက်သွယ်ရေးနံပါတ် ခွဲဝေချထားမှုကို ရရှိသူသည် ဆက်သွယ်ရေးနံပါတ်များ အသုံးပြုမှုကို မှတ်တမ်းထားရှိရမည်။

(၇) ဆက်သွယ်ရေးနံပါတ်ပမာဏကို ရရှိထားသူများသည် ဦးစီးဌာနမှ ခွင့်ပြုချက် တစ်စုံတစ်ရာမရှိလျှင် ၎င်းအားခွဲဝေပေးထားသည့်ဆက်သွယ်ရေးနံပါတ် ကို အကြောင်းပြု၍ မည်သူတစ်ဦးတစ်ယောက်ကိုမျှ တာဝန်ယူစေခြင်းမရှိစေရ။

(၈) သုံးစွဲသူအသစ်အတွက် နည်းပညာအရ နံပါတ်စတင်အသုံးပြုခြင်းကို ပြုနိုင်ပါက သုံးစွဲသူ အချင်းချင်း နံပါတ်လွှဲပြောင်းခြင်းကို ခွင့်ပြုသည်။ သို့သော် ဆက်သွယ်ရေးနံပါတ်အား အသုံးမပြုပဲထားခြင်း မှ ကာကွယ် ရန် အတွက် အသုံးပြုလိုသူများသည် ၎င်းတို့၏ ဆက်သွယ်ရေး နံပါတ်အား ရက်ပေါင်း (၁၀၀) အတွင်း အသုံးပြုရမည်။ ဆက်သွယ်ရေး နံပါတ်အား အသုံးပြုခြင်းဆိုသည်မှာ - "အများပြည်သူ သုံး တယ်လီဖုန်း ကွန်ရက် တွင် ယင်း ဆက်သွယ်ရေးနံပါတ် အား ခေါ်ဆိုနိုင်ခြင်း" ကို ဆိုလိုသည်။

(၉) လိုင်စင်ရရှိသူတစ်ဦးသည် ဦးစီးဌာနမှ ၎င်းအားခွဲဝေချထားပေးသည့် ဆက်သွယ်ရေး နံပါတ်မှအပ အခြား ဆက်သွယ်ရေးနံပါတ်များကို အသုံးမပြု ရ။

(၁၀) လိုင်စင်ရရှိသူများအားလုံးသည် လိုအပ်သော မည်သည့်ဆက်သွယ်ရေးနံပါတ် ဆိုင်ရာပြောင်းလဲမှုများကိုမဆို တစ်ပြိုင်နက် အကောင်အထည်ဖော် ဆောင် ရွက် ရမည်။

(ခ) ပထဝီဝင်ဒေသအလိုက် ဆက်သွယ်ရေးနံပါတ် လျာထားသတ်မှတ်ချက်နှင့် သက်ဆိုင် သည့် စည်းကမ်း ချက်များ-

အထက်ဖော်ပြပါ အထွေထွေစည်းကမ်းချက်များအပြင် ပထဝီဝင်ဒေသအလိုက် ဆက်သွယ်ရေးနံပါတ်စဉ် အပိုင်းအခြားအတွင်း ပြုလုပ်သည့် ဆက်သွယ်ရေးနံပါတ် ခွဲဝေချထားမှုများနှင့် သက်ဆိုင်သည့်စည်းကမ်း ချက်များမှာ အောက်ပါအတိုင်း ဖြစ်သည်။

(၁) 'နယ်မြေသင်္ကေတ' များသည် သက်ဆိုင်ရာ လိုင်စင်ရရှိသူတစ်ဦးထက် နိုင်ငံလုံးဆိုင်ရာ သီးသန့်သင်္ကေတအဖြစ်ဖြင့်သာ ပို၍ဆက်စပ်မှုရှိရမည်။

(၂) အကယ်၍လိုအပ်ပါကနယ်မြေသင်္ကေတအသီးသီးအတွက် သင့်လျော်သော ပထဝီဝင်ဒေသကို ဦးစီးဌာနက သတ်မှတ်ရမည်။ ကနဦးအားဖြင့် ယင်းနယ်မြေဒေသ များသည် လက်ရှိ ဆက်သွယ်ရေး နံပါတ်လျာထား သတ်မှတ်ချက်အရ တည်ဆဲ ဆက်သွယ်ရေးဇုန် များနှင့် ကိုက်ညီမှု ရှိရမည်။

(၃) ဦးစီးဌာနသည် ပထဝီဝင် ဒေသ အလိုက် ဆက်သွယ်ရေးနံပါတ်အတွဲများအား သက်ဆိုင်ရာ ဆက်သွယ် ရေးဇုန်သင်္ကေတ၏နောက်တွင်ထားရှိခြင်းဖြင့် လိုင်စင်ရရှိသူများထံ လိုအပ်သလို ခွဲဝေချထားရမည်။ ထိုသို့ ခွဲဝေပေး မည့် ဆက်သွယ် ရေး နံပါတ်အတွဲတွင် ပုံမှန်အားဖြင့် အစဉ်လိုက်ရှိသော ကိန်းဂဏန်း ၁၀,၀၀၀ ပါရှိရမည် ဖြစ်ပြီး အချို့သောကိစ္စရပ်များတွင် ၁၀,၀၀၀ ထက် ပိုများသော သို့မဟုတ် ပိုနည်းသော နံပါတ် အတွဲ များလည်း ဖြစ်နိုင်သည်။

(၄) လိုင်စင်ရရှိသူအားလုံးသည် မြို့တွင်းခေါ်ဆိုမှုများ ဖြစ်သည့်တိုင်အောင် နိုင်ငံ အလိုက် သီးသန့် နံပါတ်များကို အပြည့်အဝ ရိုက်နှိပ်ခေါ်ဆိုသည့်ခေါ်ဆိုမှု များအား ချိတ်ဆက်ပေးကြရမည်။

(ဂ) ပထဝီဝင်ဒေသအလိုက်မဟုတ်သော ဆက်သွယ်ရေးနံပါတ် လျာထားသတ်မှတ်ချက် နှင့် သက်ဆိုင် သည့် စည်းကမ်းချက်များ-

အထက်ဖော်ပြပါ အထွေထွေစည်းကမ်းချက်များအပြင် ပထဝီဝင်ဒေသအလိုက် မဟုတ်သော ဆက်သွယ်ရေးနံပါတ်စဉ် အပိုင်းအခြားအတွင်း ပြုလုပ်သည့် ဆက်သွယ်ရေး နံပါတ် ခွဲဝေချထားမှုများနှင့် သက်ဆိုင်သည့်စည်းကမ်းချက်များမှာ အောက်ပါအတိုင်း ဖြစ်သည်။

'နယ်မြေသင်္ကေတ' များသည် သက်ဆိုင်ရာ လိုင်စင်ရရှိသူတစ်ဦးထက် နိုင်ငံလုံး ဆိုင်ရာ သီးသန့်သင်္ကေတအဖြစ်ဖြင့်သာ ပို၍ဆက်စပ်မှုရှိရမည်။

(၁) ပထဝီဒေသအလိုက်မဟုတ်သော ဆက်သွယ်ရေး ဝန်ဆောင်မှုလုပ်ငန်းများ အတွက် ဆက်သွယ်ရေးသင်္ကေတ များသည် နိုင်ငံလုံးဆိုင်ရာ သီးသန့် သင်္ကေတ ပါရှိရမည်။

(၂) ဦးစီးဌာနသည် ဆက်သွယ်ရေးနံပါတ်အတွဲများအား လိုင်စင်ရရှိသူများအား လိုအပ် သလို ခွဲဝေချထားရမည်။

(ဃ) ဆက်သွယ်ရေးနံပါတ်များ ခွဲဝေချထားမှုဆိုင်ရာ အခြားသော သီးခြား စည်းကမ်း ချက်များ-

အကယ်၍ သင့်လျော်ညီညွတ်မှုရှိပါက ဦးစီးဌာနသည် ဆက်သွယ်ရေးနံပါတ်ခွဲဝေချ ထားမှု အခြေအနေတစ်ရပ်ရပ်အတွက် သီးခြားစည်းကမ်းချက်များကို ထပ်မံ သတ်မှတ်နိုင်သည်။ ဦးစီးဌာန အနေဖြင့် အဆိုပါ စည်းကမ်းချက် များကို သတ်မှတ် ရန် ဆုံးဖြတ်ပါက ထိုသို့ဆုံးဖြတ်ရသည့်အကြောင်းရင်းအား လိုင်စင်ရရှိသူ များထံ အကြောင်းကြားရမည်။